# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၃၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား**
**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။
"သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။"
(ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

# နိုင်ငံ၏ဂုဏ်သိက္ခာမြှင့်တင်သည့် အစည်းအဝေးများ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်



၂၀၁၄ ခုနှစ် မြန်မာနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာဗဟိုကော်မတီ၏ ၂၀၁၄ ခုနှစ်(နှစ်ဝက်) ဒုတိယအကြိမ် အစည်းအဝေးကျင်းပစဉ်။
(သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်းထူထောင်ရေးဆိုင်ရာဗဟိုကော်မတီ၏ ၂၀၁၄ ခုနှစ် (နှစ်ဝက်) ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁၃ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် အိမ်ရှင်အဖြစ် နေပြည်တော်တွင် လက်ခံကျင်းပပြုလုပ်မည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြန်လည်ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အာဆီယံထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးကို မိမိတို့နိုင်ငံအနေဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# မော်လမြိုင်မြို့မှ နတ်မော်၊ ကလွီရွာ ရေကြောင်းခရီးစဉ်



သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မော်လမြိုင်မြို့နှင့် နတ်မော်ရွာ၊ ကလွီရွာတို့သို့ နေ့စဉ်ပြေးဆွဲပေးနေသော သမိန်ဗရမ်းရေယာဉ်ကို တွေ့ရစဉ်။

**မော်လမြိုင် အောက်တိုဘာ ၂၉**

တသွင်သွင် စီးဆင်းနေသော သံလွင်မြစ်၊ သံလွင်မြစ်ကမ်း၌တည်ရှိနေသော မော်လမြိုင်မြို့နှင့် မော်လမြိုင်ဆိပ်ကမ်း၊ မော်လမြိုင်မြို့နှင့် နတ်မော်ရွာ၊ ကလွီရွာတို့ကို ဒေသခံများအတွက် ပြည်တွင်းရေကြောင်းမှ သမိန်ဗရမ်းရေယာဉ်၊ ဇက်ရေယာဉ် -၁၀၃ နှင့် ရေဘဝဲ-၁ တို့က နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

စက်လှေများဖြင့် သွားလာနိုင်သော်လည်း ပြည်တွင်းရေကြောင်းမှ ရေယာဉ်များ ခရီးလမ်း၌ဘေးကင်းလုံခြုံမှုပိုများသဖြင့် စီးနင်းလိုက်ပါသူပိုများသည်။ မော်လမြိုင်ဆိပ်ကမ်းမှနေ၍ ချောင်းဆုံမြို့နယ် နတ်မော်ရွာသို့ တစ်နေ့သုံးခေါက်ပြေးဆွဲပေးလျက်ရှိသည်ဟု သိရသည်။

"မော်လမြိုင် - နတ်မော်ခရီးစဉ်အတွက် တစ်နေ့သုံးခေါက်ပြေးဆွဲပေးနေပါတယ်။ မော်လမြိုင်ဆိပ်ကမ်းကနေ နေ့စဉ် နံနက် ၁၀ နာရီ ၄၅ မိနစ် တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီ တစ်ကြိမ်၊ ညနေ ၃ နာရီ ၄၅ မိနစ် တစ်ကြိမ် ပုံမှန်ပြေးဆွဲပေးနေပြီး တနင်္ဂနွေနေ့မှာတော့ တစ်ကြိမ်ပြေးဆွဲပေးပါတယ်။ တစ်ကြိမ်ကို ပျမ်းမျှ လူ ၁၅၀ နဲ့ ၂၀၀ ခန့် လိုက်ပါစီးနင်းကြပါတယ်" ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး သံလွင်ဌာနခွဲမှ မန်နေဂျာ ဦးနိုင်ဦးက ပြောသည်။

မော်လမြိုင်မြို့သည် ဘီလူးကျွန်းရှိ ရွာပေါင်း ၅၀ကျော်ကိုလည်း နေ့စဉ်

*စာမျက်နှာ ၉ ကော်လံ ၄* ✳




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သတိနှင့်မောင်း၊ သတိနှင့်သွား

မော်တော်ယာဉ် မတော်တဆဖြစ်ရခြင်း၏ အဓိက အကြောင်းအရင်းများသည်ကား မဆင်မခြင်မောင်းနှင်ခြင်း၊ မူးယစ်သောက်စား ယာဉ်မောင်းခြင်း၊ ယာဉ်မောင်းလိုင်စင်မရှိဘဲမောင်းနှင်ခြင်း၊ ကျွမ်းကျင်မှုမရှိခြင်းနှင့် စည်းကမ်းလိုက်နာမှု အားနည်းခြင်းတို့ကြောင့်ဖြစ်ရကြောင်း ပညာရှင်တို့က လေ့လာသုံးသပ်ထားပါသည်။ ဤသို့သော အကြောင်းများကြောင့် နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုများတိုးပွားကာ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးလျက်ရှိပါသည်။

ယာဉ်မတော်တဆဟုဆိုရာတွင် မော်တော်ယာဉ်အချင်းချင်းတိုက်မိခြင်း၊ ယာဉ်က လူကိုဝင်တိုက်ခြင်း၊ မော်တော်ဆိုင်ကယ်တိုက်မှု၊ မော်တော်ဆိုင်ကယ်ပေါ်မှပြုတ်ကျမှု စသည်တို့ပါဝင်သည်။ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်သုံးစွဲမှု အရေအတွက် များပြားလာသည်နှင့်အမျှ ယာဉ်မတော်တဆဖြစ်မှုများမှာလည်း တိုးပွားလာလျက်ရှိပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကိုးလတာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်မတော်တဆမှု ၂၂၆၃ မှု ဖြစ်ပွားခဲ့ရာ စုစုပေါင်း ၄၂၅ ဦးသေဆုံးပြီး ဒဏ်ရာရ သူ ၃၂၆၄ ဦးရှိကြောင်း ယာဉ်ထိန်းတပ်ဖွဲ့စာရင်းဇယားများအရ သိရသည်။ ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်းများတွင် လူကြောင့်ဖြစ်သည့် ယာဉ်မတော်တဆမှုမှာ ၉၉ ရာခိုင်နှုန်းရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်မှုအနေဖြင့် ယာဉ်ထိန်းတပ်ဖွဲ့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအပါအဝင် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစီအစဉ်ဖြင့် ဖွဲ့စည်းပေးထားသည့် ပူးပေါင်းအဖွဲ့များ၊ ယာဉ်ထိန်းတပ်ဖွဲ့ အစီအစဉ်ဖြင့် ဖွဲ့စည်းထားသော ပူးပေါင်းအဖွဲ့များ၊ ယာဉ်ထိန်းတပ်ဖွဲ့၊ တပ်ဖွဲ့စု၊ မြို့နယ်အလိုက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက အရေးယူဆောင်ရွက်လျက်ရှိသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိပါသည်။

သို့ပါ၍ ‘‘ယာဉ်စည်းကမ်းကို လိုက်နာဖို့လိုပါသည်၊ လမ်းစည်းကမ်းကို လိုက်နာဖို့လိုပါသည်’’ ဆိုသောသီချင်းစာသားအတိုင်း ယာဉ်အန္တရာယ် မဖြစ်ပွားရေး အထူးသတိပြုကြရမည်ဖြစ်ပါသည်။ ယာဉ်မောင်းသူများရော လမ်းပေါ်တွင် သွားလာနေကြသောခရီးသွားပြည်သူများပါ စည်းကမ်းကို လိုက်နာကြဖို့ အချိန်တန်ပြီဖြစ်ပါသည်။ တစ်ဦးတစ်ယောက်၏ ပေါ့ဆမှု၊ မကျွမ်းကျင်မှု၊ စည်းကမ်း မလိုက်နာမှုများကြောင့် တစ်ပါးသူတို့၏ အသက်ဆုံးရှုံးနေရခြင်းကား မဖြစ်သင့်တော့ပါ။ ယာဉ်မောင်းလျှင် ယာဉ်မတော်တဆဖြစ်နိုင်မှုကို ယာဉ်မောင်းသူများအားလုံးက အမြဲနှလုံးသွင်းသင့်သလို လမ်းပေါ်တွင် သွားလာကြသူများကလည်း စည်းကမ်းရှိစွာ သတိနှင့်သွားလာကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## ပညာရေးအရည်အသွေး မြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ပုသိမ် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ပုသိမ်တက္ကသိုလ် ကန်သာယာခန်းမ၌ ကျင်းပသော ပညာရေးအရည်အသွေး မြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူက ပညာရေးကဏ္ဍဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြခြင်း၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်းနှင့် ဥပဒေပြုစုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်ပါမောက္ခ ဒေါက်တာကြူကြူဆွေတို့က ပညာရေးအရည်အသွေး မြှင့်တင်မှုဆိုင်ရာများ၊ အမျိုးသားပညာရေးနှင့် ဆက်စပ်သည့် ဥပဒေများကို ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ထင်သာမြင်သာပြုပြင်စရာ

## ဖျာပုံတံတားကြီး၏ လူသွားစင်္ကြံလက်ရန်းသံတန်းများပြုတ်ထွက်နေမှုကို အမြန်ဆုံးပြုပြင်ပေးရန်လို

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ လူမှုစီးပွားရေးအတွက် မရှိမဖြစ်အသုံးပြုနေရသော ဖျာပုံမြို့၏ဂုဏ်ဆောင် ဖျာပုံတံတားကြီး၏ လက်ဝဲ၊ လက်ယာတွင် လူသွားစင်္ကြံလမ်းများကို ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ခရီးသွားနိုင်ရေးအတွက် သံတိုင်လက်ရန်းများ တပ်ဆင်ထားသည်မှာ ဖျာပုံတံတားကြီး တည်ဆောက်ပြီးစီးစဉ်ကတည်းက ဖြစ်သည်။



ယခုအခါ အဆိုပါလူသွားစင်္ကြံ သံတိုင်လက်ရန်းများတွင် ဖျာပုံမြို့ဘက်ခြမ်း လက်ဝဲဘက်လူသွားစင်္ကြံ သံတိုင်လက်ရန်းများတွင် လက်ရန်းကွက်ရှစ်ကွက်မြောက်နေရာရှိ သံတိုင်များပြုတ်ထွက်နေသည့်အပြင် အပေါ်အောက် ချုပ်တန်းများသည်လည်း သံချေးစား၍ ပေါက်ပြဲလျက်ရှိနေသဖြင့် ခြေကျင်ခရီးသွားပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် စိုးရိမ်နေရပါသည်။

“ကျွန်တော်တို့ဖျာပုံမြို့က ဖျာပုံတံတားကြီးကို နေ့စဉ်လူမှုဘဝအတွက် မရှိမဖြစ် အသုံးပြုနေရတာပါ။ စီးပွားရေးလုပ်ငန်းများအပြင် ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်တဲ့အခါ၊ ကျောင်းသားကျောင်းသူတွေ ခြေကျင်လမ်းလျှောက်တဲ့အခါတွေမှာ ဒီ လူသွားစင်္ကြံကိုပဲ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် အသုံးပြု နေရတာပါ။ အခုကျိုးပြတ်နေတဲ့ လက်ရန်းနေရာလေးက မိုးဦးကျစ ကတည်းက ဖြစ်နေတာပါ။ ပွင့်လင်းရာသီမှာ သံတိုင်တွေပြတ်ထွက်ပြီး အပေါက်ကြီးဖြစ်နေတော့ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ၊ ကျောင်းသူကျောင်းသားတွေ လမ်းလျှောက်ရင်း မတော်တဆ အောက်ပြုတ်ကျရင် အသက်အန္တရာယ် စိုးရိမ်ရလို့ သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာတွေက အမြန်ဆုံးလာရောက် ပြုပြင်ပေးစေချင်ပါတယ်” ဟု နေ့စဉ်ကြုံတွေ့နေရသည့် ခရီးသွားပြည်သူတစ်ဦးကပြောသည်။

ဖျာပုံမြို့သည် ယခင်ကာလများနှင့်မတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာ၍ လူဦးရေထူထပ်သိပ်သည်းပြီး ခရီးသွားပြည်သူများ ပိုမိုများပြားလာသည့်အပြင် ပတ်ဝန်းကျင်ကျေးရွာများနှင့် မြို့နယ်အသီးသီးမှ ခရီးသွားပြည်သူများကလည်း ဖျာပုံတံတားကြီးကိုအသုံးပြု၍ နေ့စဉ် ခရီးသွားကြရာတွင် ယခုလူသွားစင်္ကြံလမ်းသည်လည်း အချိန်အခါမရွေး အသုံးပြုနေရသဖြင့် ယခုပေါက်ပြဲပြုတ်ထွက် ပြတ်တောက်နေသည့် သံတန်းလက်ရန်းနှင့် အခြားပြုတ်ထွက် ပြတ်တောက်စပြုနေသည့် လက်ရန်းအကွက်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာများနှင့် ကျွမ်းကျင်ပညာရှင်များ၊ မြို့မိမြို့ဖများ ပူးပေါင်း၍ အမြန်ဆုံး ပြုပြင်ပေးရန် ပြည်သူများက လိုလားတောင့်တလျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**






**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ


**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာလိရော့ကူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးကျော်ဆန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့်တရုတ် နှစ်နိုင်ငံစီးပွားရေး ပိုမိုတိုးမြင့်လာစေရန် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာလိရော့ကူး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

◆ ***ရှေ့ဖုံးမှ***

၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ကြီးအတွင်းသို့ ဝင်ရောက်ပြီး (၁၇)နှစ်အတွင်း၌ ပထမဆုံးအကြိမ် ဥက္ကဋ္ဌတာဝန်ကို ရယူနိုင်ခဲ့ပြီး အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

အာဆီယံအနေဖြင့် မူဝါဒပိုင်းဆိုင်ရာတွင် အာဆီယံ၏အချက်အချာကျမှု၊ အာဆီယံ၏ တူညီဆန္ဒကို ရယူခြင်းနှင့် အာဆီယံကိုယ်စားပြုပြီး ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုမြှင့်တင်ခြင်းအပိုင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စီမံခန့်ခွဲမှု အပိုင်းတွင်လည်း ပြီးခဲ့သည့်လများအတွင်းက (၂၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ (၄၇) ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အခြားသော ဝန်ကြီးဌာနအသီးသီး၏ အစည်းအဝေးများကို စနစ်တကျ စီမံခန့်ခွဲပြီး အောင်အောင်မြင်မြင် ကျင်းပပြုလုပ်ပေးနိုင်ခဲ့သည့်အတွက် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ကျေနပ်နှစ်သက်မှု၊ ချီးကျူးမှုတို့ကို ရရှိခံယူခဲ့ရပါကြောင်း။

ထို့ကြောင့် ထိုအစည်းအဝေးများတွင် မိမိတို့ကျရာတာဝန်ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြသည့် ဦးဆောင်ကော်မတီနှင့် ကော်မတီအသီးသီး၊ ဆပ်ကော်မတီအသီးသီးတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဝိုင်းဝန်းကူညီသူ အရပ်ဘက်အဖွဲ့အစည်းအသီးသီးတို့မှ ပုဂ္ဂိုလ်များအား မိမိတို့အနေဖြင့် အထူးပင် ကျေးဇူးတင်ပါကြောင်း။

မကြာမီကျင်းပပြုလုပ်မည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆွေးနွေးဖက် ဆက်စပ်အစည်းအဝေးများ၊ အရှေ့အာရှ ထိပ်သီးအစည်းအဝေးများသည် အာဆီယံဥက္ကဋ္ဌတာဝန်ယူခဲ့ရသည့် မိမိတို့နိုင်ငံအတွက် ၂၀၁၄ ခုနှစ်အတွင်း အပြီးသတ် အစည်းအဝေးဖြစ်ပါကြောင်း၊ ထိုအစည်းအဝေးများကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခြင်းအားဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ချပေးနိုင်ရေးကိုလည်း များစွာအကျိုးသက်ရောက်မှုရှိပါကြောင်း။




ထို့ကြောင့် မိမိတို့အနေဖြင့် အာဆီယံအဖွဲ့ကြီး၏ အချက်အချာကျမှုကို မြှင့်တင်နိုင်ရန်လည်းကောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်ရန်ဆောင်ရွက်ရမည့်ကိစ္စများကို ဖြည့်ဆည်းပေးရန်လည်းကောင်း၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံ၏သွင်ပြင်လက္ခဏာကို အုတ်မြစ်ချရာတွင်လည်းကောင်း ဦးဆောင်ဦးရွက် ပြုရာရောက်သည့်အတွက် မိမိတို့နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်သည့် ဤအစည်းအဝေးကြီးများကို အောင်မြင်အောင် တက်ညီလက်ညီဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အာဆီယံထိပ်သီးအစည်းအဝေးကျင်းပရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များအလိုက် ဆပ်ကော်မတီ(၁၇)ခုကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါဆပ်ကော်မတီများအနေဖြင့် ယခုကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများအတွက် ပြင်ဆင်မှုများ၊ ဆွေးနွေးမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းအားလုံးပြီးစီးသည့် အနေအထားကို ရောက်ရှိနေပြီဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ထိပ်သီးအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ပြင်ဆင်ထားရှိမှုများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ကြိုတင်ပြင်ဆင်ထားရှိမှုများကို လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကိုလည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အာဆီယံယဉ်ကျေးမှုအသိုက်အဝန်းနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို လည်းကောင်း တင်ပြခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ပြင်ဆင်ထားရှိမှုများကို တင်ပြခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် လမ်းညွှန်မှာကြားပြီး အာဆီယံဥက္ကဋ္ဌတာဝန်နှင့်ပတ်သက်၍ အိမ်ရှင်ဖြစ်သည့် မိမိတို့အနေဖြင့် လုပ်ကိုင်နိုင်စွမ်းရှိမှုကို ပြသနိုင်ရန် လိုအပ်ပါကြောင်း၊ အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်းသည် နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်ရာရောက်ပါကြောင်း၊ သို့ဖြစ်၍ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်းပါကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကျင်းပမည့် ခန်းမများကို လိုက်လံစစ်ဆေးကြည့်ရှုခဲ့သည်။ **(ဓာတ်ပုံ)**

**(သတင်းစဉ်)**

# Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် (ISTAF) ၏ Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲစာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဒါတို အဗ္ဗဒူဟာလင်မ် ဘင်ကာဒရ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ Asia Sports Ventures (ASV) မှ မစ္စတာ ရမဒါးစ်၊ ပြိုင်ပွဲဝင်နိုင်ငံများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးချုပ်က ပြည်ထောင်စုဝန်ကြီးထံ Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုဖလားကို ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် မစ္စတာ ဒါတိုအဗ္ဗဒူဟာလင်မ်ဘင်ကာဒရ်တို့က အသီးသီး အမှာစကားပြောကြားကြပြီး မစ္စတာ ရမဒါးစ်က Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများက Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

ပြိုင်ပွဲတွင် Regu (သုံးယောက်တွဲ) ပြိုင်ပွဲတစ်မျိုးတည်းကို ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး အမျိုးသားပွဲစဉ်များ၌ အသင်းရှစ်သင်း၊ အမျိုးသမီးပွဲစဉ်များ၌ အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ထိပ်သီးအဆင့်ရှိနိုင်ငံများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲ ပွဲစဉ်များကျင်းပနေစဉ်အတွင်း ပြိုင်ပွဲဝင် အားကစားသမားများ၏ ယှဉ်ပြိုင်ကစားနေမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်စေရန်အတွက် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၈၀ကျော်သို့ Asia Sports Ventures (ASV) က တိုက်ရိုက်ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုစိုးညွန့်**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။**

နိုင်ငံတကာသတင်း

# လူလိုက်ပါခြင်းမရှိသည့် ဒုံးပျံတစ်စင်း နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်စဉ်ပေါက်ကွဲ



**ဗာဂျီးနီးယား အောက်တိုဘာ ၂၉**

နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) သို့ လွှတ်တင်မည့် လူလိုက်ပါ ခြင်းမရှိသည့် ထောက်ပံ့ပို့ဆောင်ရေးဒုံးပျံတစ်စင်း အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဒုံးပျံလွှတ်တင်ရေးစခန်းမှ လွှတ်တင်စဉ် ပေါက်ကွဲသွားခဲ့သည်။

အော်ဘစ်တယ် သိပ္ပံကော်ပိုရေးရှင်းက တည်ဆောက်ခဲ့သည့် Antares အမည်ရှိ အမေရိကန်ဒုံးပျံသည် ဒုံးပစ်စင်မှ လွှတ်တင်ပြီး စက္ကန့်ပိုင်းအတွင်း ပေါက်ကွဲသွားခဲ့သည်။ အဆိုပါ ကုန်တင်အာကာသယာဉ်ပေါက်ကွဲခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ချက်ချင်းမလုပ်နိုင်သေးဟု ဆိုသည်။

အဆိုပါ ထောက်ပံ့ရေးကုန်တင်ဒုံးပျံယာဉ်ကို မူလက တနင်္လာနေ့တွင် လွှတ်တင်ရန် စီစဉ်ထားခဲ့သော်လည်း အနီးရှိ ရေပိုင်နက်အတွင်း သင်္ဘောတစ်စင်းရှိနေခြင်းကြောင့် ရွှေ့ဆိုင်းခဲ့ရသည်။ အဆိုပါ ထောက်ပံ့ရေးဒုံးပျံသည် နိုင်ငံတကာအာကာသစခန်းရှိ အာကာသယာဉ်မှူးခြောက်ဦးအတွက် ထောက်ပံ့ရေးပစ္စည်း ပေါင် ၅၀၀၀ နီးပါး သယ်ဆောင်သွားစဉ် ပေါက်ကွဲသွားခဲ့ခြင်းဖြစ်သည်။

"ဒီပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး နားမလည်နိုင်အောင် ဖြစ်ရပါတယ်။ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု အော်ဘစ်တယ်သိပ္ပံ ဒုတိယအမှုဆောင်ဥက္ကဋ္ဌ ဖရန်ကာဘာတန်က ပြောသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ပေါက်ကွဲရာနေရာသို့ အချက်အလက်များ စုဆောင်းဖို့ ထွက်ခွာသွားပြီဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

**(ဘီဘီစီ)**

# အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ အိုင်အက်စ်စစ်သွေးကြွများကို အပြတ်ချေမှုန်းနိုင်မည်မဟုတ်ဟု ဘာသာရေးခေါင်းဆောင်တစ်ဦး ပြောကြား

**ဘဂ္ဂဒက် အောက်တိုဘာ ၂၉**

အိုင်အက်စ် စစ်သွေးကြွများကို တိုက်ခိုက်ရန်ဖွဲ့စည်းထားသော အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့သည် တက်ဖီရီအကြမ်းဖက်အုပ်စုကို အမြစ်ပြတ် ချေမှုန်းနိုင်မည်မဟုတ်ဟု ထင်ရှားကျော်ကြားသော အီရတ်ဆွန်နီ ဘာသာရေးခေါင်းဆောင် တစ်ဦးက ပြောသည်။

လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းသည် အကြမ်းဖက်မှုများကို လုံးဝ ဖယ်ရှားနိုင်လိမ့်မည်မဟုတ်ကြောင်း ဂျော်ဒန်နိုင်ငံ မြို့တော်အမ်မမ်တွင် နေထိုင်သော အီရတ်ဆွန်နီ ဘာသာရေးခေါင်းဆောင် ရှိတ်အက်ဘ်ဒယ်မာလစ်အယ်လ်ဘာဒီက ပြောခဲ့သည်။

အီရတ်နိုင်ငံတွင် အိုင်အက်စ်စစ်သွေးကြွများကို ဆန့်ကျင်တိုက်ခိုက်ရန် အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုများကို ဩဂုတ် ၈ ရက်က စတင်ခဲ့သည်။

စက်တင်ဘာလ နှောင်းပိုင်းကတည်းက အမေရိကန်နှင့် ၎င်း၏ အာရပ်မဟာမိတ်များသည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းတိုက်ခိုက်မှုများ ကုလသမဂ္ဂသဘောတူညီမှုမပါဘဲ ဆင်နွှဲတိုက်ခိုက်လျက်ရှိသည်။

ဆက်လက်ပြီးဘာဒီက အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့ဝင်များအနေဖြင့် အခြေအနေကို ပြန်လည် သုံးသပ်ရမည်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် အခြေအနေကို ပြန်လည်မသုံးသပ်ပါက ကမ္ဘာတစ်ဝန်းတွင် အကြမ်းဖက်မှုများ ပို၍ ဆိုးလာနိုင်ကြောင်း သတိပေးထားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများအား လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခွင့်ကို ဩဂုတ်လလယ်လောက်က ပေးခဲ့သည်။ အမ်မမ်အခြေစိုက် အီရတ်မဟာဗျူဟာ လေ့လာရေးဌာန အတိုင်ပင်ခံတစ်ဦးဖြစ်သော ယာယာအယ်ကူဘိုင်စီက အီရတ်နိုင်ငံတွင် တက်ဖီရီအုပ်စုများ၏ အကြမ်းဖက်ခြိမ်းခြောက်မှုမှ တွန်းလှန်နိုင်ရန် နိုင်ငံရေးစည်းလုံး ညီညွတ်မှုရှိရမည်ဟု တိုက်တွန်းပြောကြားထားသည်။

အီရတ် နိုင်ငံသားများအကြား နိုင်ငံရေးသဘောတူညီချက် မရှိလျှင် "ကျွန်တော်တို့သည် အိုင်အက်စ်အကြမ်းဖက်သမားများကို နှိမ်နင်းနိုင်လိမ့်မည်မဟုတ်ကြောင်း၊ အကယ်၍ ကျွန်တော်တို့ အောင်မြင်ခဲ့လျှင်တောင်မှ အခြားအုပ်စုတွေ ထပ်ပေါ်လာလိမ့်မည်ဖြစ်ကြောင်း" အယ်ဂူဘာစီက ပြောခဲ့သည်။

အီရတ်သည် ဇွန်လအစောပိုင်းကတည်းက နိုင်ငံတစ်ဝန်းတွင် အိုင်အက်စ်တက်ဖီရီ စစ်သွေးကြွများ၏ လူမဆန်သော အကြမ်းဖက်လုပ်ရပ်များကို ရင်ဆိုင်နေရသည်။ အိုင်အက်စ်စစ်သွေးကြွများသည် ရှီးယိုက်၊ ဆွန်နီ၊ ကာ့ဒ်နှင့် ခရစ်ယာန်အပါအဝင် ကမ္ဘာ့အသိုင်းအဝိုင်းအားလုံးကို ခြိမ်းခြောက်လျက်ရှိသည်။

**(ပရက်စ်တီဗွီ)**



# ဩစတြေးလျနိုင်ငံ၏ နိုင်ငံကူးလက်မှတ်များအပေါ် တားမြစ်မှုများကို ဆီရာလီယွန်က ပြစ်တင်ခဲ့

**ဆီရာလီယွန် အောက်တိုဘာ ၂၉**

အီဘိုလာဖြစ်ပွားလျက်ရှိသည့် အနောက်အာဖရိကနိုင်ငံများမှ လာရောက်သူများကို ဩစတြေးလျနိုင်ငံ၏ ဆိုက်ရောက်ဗီဇာထုတ်ပေးမှု ဆိုင်းငံ့ထားရန် ဆုံးဖြတ်ချက်သည် လူအချင်းချင်း ခွဲခြားဆက်ဆံခြင်းဖြစ်သည်ဟု ဆီရာလီယွန်နိုင်ငံက ပြစ်တင်ပြောဆိုခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကလည်း အဆိုပါ လုပ်ဆောင်မှုအပေါ် ဝေဖန်မှုပြုလုပ်ခဲ့သည်။ ယခုကဲ့သို့ ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်မှုများ လုပ်ဆောင်ခြင်းသည် အီဘိုလာရိုက်ခတ်မှုကို လျော့ကျစေနိုင်လိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပြောခဲ့သည်။

အီဘိုလာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၅၀၀၀ ခန့်ရှိလာပြီဖြစ်ရာ အများစုမှာ ဆီရာလီယွန်၊ လိုက်ဘေးရီးယားနှင့် ဂီနီနိုင်ငံတို့မှ ဖြစ်သည်။ အဆိုပါ နိုင်ငံများမှ နိုင်ငံသားများ ကိုင်ဆောင်ထားသည့် ယာယီနိုင်ငံကူးလက်မှတ်များကို ပယ်ဖျက်ခဲ့ပြီး အသစ်လျှောက်ထားခြင်းများကိုလည်း ဆောင်ရွက်ပေးလိမ့်မည်မဟုတ်ကြောင်း ဩစတြေးလျအစိုးရက တနင်္လာနေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဩစတြေးလျနိုင်ငံတွင် ရောက်ရှိနေသော အမြဲတမ်းနေထိုင်ခွင့် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများသည်လည်း ဩစတြေးလျမှ မထွက်ခွာမီ ၂၁ ရက်ကြာ ရောဂါကာကွယ်ရေး သီးသန့်ကာလဆောင်ရွက်မှုအတွင်း နေထိုင်ရမည်ဖြစ်သည်။

အစိုးရ၏ စီမံချက်များ၊ လုပ်ဆောင်ချက်များသည် ဩစတြေးလျနိုင်ငံသားများကို ကာကွယ်ရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဝန်ကြီးက ပါလီမန်တွင် ပြောခဲ့သည်။

သို့သော်လည်း ဆီရာလီယွန်နိုင်ငံ၏ ပြန်ကြားရေးဝန်ကြီးက ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ပြင်းထန်လွန်းလှကြောင်း၊ ဆီရာလီယွန်နိုင်ငံ Freetown လေဆိပ်၌ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးမှသာလျှင် ထွက်ခွာခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

# အီရတ် ကာ့ဒ်တိုက်ခိုက်ရေးသမားများ ဆီးရီးယားရှိ အိုင်အက်စ်တို့ကိုတိုက်ခိုက်ရန် တူရကီသို့ရောက်ရှိလာ

**ကိုဘာနီ အောက်တိုဘာ ၂၉**

အီရတ်ကာ့ဒ်ပက်ရှ်မာဂါ(Peshmerga) တိုက်ခိုက်ရေးသမား ၁၅၀ ခန့်ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ကိုဘာနီမြို့ကို သိမ်းပိုက်ထားသော အိုင်အက်စ် စစ်သွေးကြွများအား ဆီးရီးယား နယ်စပ်ကို ဖြတ်ကျော် တိုက်ခိုက်ရန် တူရကီသို့ ရောက်ရှိလာသည်။

အီရတ်မှ ထွက်ခွာလာသော အဆိုပါ တိုက်ခိုက်ရေးသမားများသည် တူရကီအရှေ့တောင်ပိုင်း လေဆိပ်တစ်ခုသို့ ရောက်ရှိလာသည်။ အမြောက်လက်နက်ကြီးများ ပါဝင်သော တပ်ဖွဲ့တစ်ဖွဲ့သည်လည်း တူရကီနိုင်ငံအတွင်း အီရတ်မှ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာလျက်ရှိသည်။

တူရကီ ကာ့ဒ်တပ်ဖွဲ့ဝင်များက နယ်စပ်ဖြတ်ကျော် တိုက်ခိုက်ရန် ငြင်းဆိုခဲ့သော်လည်း လွန်ခဲ့သောသီတင်းပတ်တွင် တူရကီအစိုးရက သဘောတူခဲ့သည်။ အီရတ်ကာ့ဒ်မြို့တော်အီဘီလ်မြို့မှ လေယာဉ်ဖြင့် ထွက်ခွာလာသော ကာ့ဒ်တပ်ဖွဲ့ဝင်များအား ထောင်ပေါင်းများစွာသော တူရကီဒေသခံများက အလံများ ဝှေ့ယမ်းလျက် ကြိုဆိုခဲ့သည်။

ပက်ရှ်မာဂါတပ်ဖွဲ့ ပထမအသုတ်အဖြစ် တူရကီအရှေ့တောင်ပိုင်း ဆန်လီဖာလေဆိပ်သို့ ဗုဒ္ဓဟူးနေ့ အစောပိုင်းတွင် ရောက်ရှိလာကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်း တိုက်ခိုက်ရေးသမားများသည် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များခြံရံလျက် ကားများဖြင့် ထွက်ခွာသွားရာ မာစကီပင်းနားနယ်စပ်ကို ဖြတ်၍ ကိုဘာနီမြို့သို့ သွားရောက်ဖွယ်ရှိသည်ဟု ဆိုသည်။

**(ဘီဘီစီ)**



ပြည်တွင်းသတင်း

# မြန်မာ့စက်မှုဆိပ်ကမ်း Mobile Team အဖွဲ့များ စစ်ဆေးဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၉**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီသည် နိုင်ငံတော်အခွန်ငွေ တိုးတက်ရရှိရေး၊ တရားဝင်ကုန်သွယ်မှုလမ်းကြောင်း ပေါ်ရောက်ရှိရေးအတွက် ဌာနစုံ (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာများ)ပါဝင်သော Mobile Team အဖွဲ့များဖွဲ့၍ သက်ဆိုင်ရာနေရာများမှ တာဝန်ပေးထမ်းဆောင်စေလျက်ရှိသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများဖြစ်သော ဗိုလ်အောင်ကျော်၊ ဆူးလေ၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ အလုံဆိပ်ကမ်း၊အေးရှားဝေါလ်၊ ထီးတန်းနှင့် ပြည်တွင်းဆိပ်ကမ်းများဖြစ်သော သာကေတ၊ ယုဇန၊ ဝါးတန်း၊ ဗားကရာ၊ ချောင်းဝ၊ ဘုရင့်နောင်ဆိပ်ကမ်းတို့တွင် တာဝန်ပေးစစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ၎င်းဆိပ်ကမ်းများအနက် တစ်ခုအပါအဝင်ဖြစ်သော မြန်မာ့စက်မှုဆိပ်ကမ်းတွင် အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်က တာဝန်ကျ Mobile Team အဖွဲ့များ စစ်ဆေးဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။

စက်မှုဆိပ်ကမ်း တာဝန်ကျ Mobile Team အဖွဲ့ခေါင်းဆောင် ဦးငွေစိုးက မိမိတို့ဆိပ်ကမ်းတွင် တစ်ရက်လျှင် အမယ်စုံပါဝင်သော ကွန်တိန်နာ အလုံးရေ ၂၀၀ထိအဝင် အထွက်ရှိကြောင်း၊ Red Channel ကို အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများက စစ်ဆေးပြီး Yellow Channel ကို X-ray ဖြတ်ကာ Green Channel ကို သက်ဆိုင်ရာဌာနများ၏ စာရွက်စာတမ်းများ ပြည့်စုံပါကစစ်ဆေးမှုမပြုဘဲ ထွက်ခွာခွင့်ပြုကြောင်း၊ Yellow Channel နှင့် Green Channel ကွန်တိန်နာများမှ သတင်းရ၍သော်လည်းကောင်း၊ စစ်ဆေးရန်လိုအပ်၍ သော်လည်းကောင်း ရွေးထုတ်၍ ဆူးလေမြေပြင်ကုန်ချစခန်းသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းဆိပ်ကမ်းတွင် တစ်ပတ်လျှင် နိုင်ငံတကာသွား သင်္ဘောအဝင်၊ အထွက် သုံးစင်းခန့်ရှိပြီး တာဝန်ကျဝန်ထမ်းအင်အား ၂၇ ဦး တာဝန်ထမ်းဆောင်နေကြောင်း သိရသည်။ ၎င်းတာဝန်ထမ်းဆောင်ချိန်မှ ယခုအထိ အရေးယူမှုအပိုင်းတွင် Without Body ကားမျိုးစုံ ၃၅ စီးကို တားဆီးထားပြီး သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးငွေစိုးက ပြောကြားခဲ့သည်။ **ကျော်မြင့်အေး**



# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း ပဲခူးတိုင်းဒေသကြီး၌ ဖွင့်လှစ်

**ပဲခူး အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ပိုးသတ်ဆေးစနစ်တကျနှင့် အကျိုးရှိစွာ သုံးစွဲတတ်စေရေး၊ စားသုံးသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး၊ ပိုးသတ်ဆေးများကို တင်သွင်းထုပ်ပိုး၊ ရောင်းဝယ်ဖောက်ကား သိုလှောင်သုံးစွဲရာတွင် ပိုးသတ်ဆေးဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)သီးနှံကာကွယ်ရေးဌာနခွဲတို့ ပူးပေါင်း၍ လက်မှတ်ရသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးနှင့် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးဦးတင်အောင်ဝင်းတို့က အမှာစကားများ ပြောကြားကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးစိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ ရုံးချုပ်မှ သင်တန်းဆရာ ဆရာမများ၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံနှင့်ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူ ၃၁၁ ဦး တက်ရောက်ကြပြီး ယင်းသင်တန်းကို သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမာက သင်တန်းမှူးအဖြစ် ဆောင်ရွက်ပြီး ရုံးချုပ်မှ ဆရာ ဆရာမများက သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

# အချိုရည်ပိုက်ပြတ်ငယ်များဖြင့်ထည့်လျက် ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိ

**ကသာ အောက်တိုဘာ ၂၉**

ကသာခရိုင် ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာ၌ အချိုရည်ပိုက်ပြတ်ငယ်များဖြင့် ထည့်လျက် ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက ကသာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ရဲအုပ်အောင်လင်းဦးနှင့်အဖွဲ့သည် ကျောက်ထုံးကြီးကျေးရွာ ရာအိမ်မှူး ဦးဆန်းမောင်၊ ဦးညွန့်ဖေအဖွဲ့နှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးသတင်းအရ ကျောက်ထုံးကြီးကျေးရွာနေ ထွန်းနိုင်လင်း၏နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေစဉ် နေအိမ်ပေါ်၌ အိမ်ရှင်ဖြစ်သူထွန်းနိုင်လင်းနှင့်အတူ နေဝင်း၊ မြတ်ကိုတို့ကို တွေ့ရှိရပြီး ထွန်းနိုင်လင်း၏နေအိမ်ခန်းမှ အချိုရည်ပိုက်ပြတ်ငယ် ၁၅ ခုအတွင်း ထည့်ထားသည့် ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၀၂ ဂရမ်နှင့် နေဝင်းထံအားပင်နီဆီလင်ပုလင်းအတွင်း ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၀၃ ဂရမ်နှင့် အချိုရည်ပိုက်ပြတ်ငါးခုအတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၀၁ ဂရမ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**အမှုဖွင့်စစ်ဆေးလျက်ရှိ**

ကသာမြို့မရဲစခန်းက ထွန်းနိုင်လင်း(၂၃ နှစ်) ကျောက်ထုံးကြီးကျေးရွာ ကသာမြို့နယ်နှင့် တစ်ရွာတည်းနေ နေဝင်း(၃၉ နှစ်)၊ မြတ်ကို(၂၀ နှစ်) တို့ကို အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစားထိုးသီးနှံစိုက်ပျိုးမှု စံပြကျေးရွာထူထောင်

**ကျိုင်းတုံ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု နမ့်အောကျေးရွာတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အစားထိုးသီးနှံစိုက်ပျိုးမှု စံပြကျေးရွာထူထောင်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၆ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေကအမှာစကားပြောကြားပြီး ဌာနဆိုင်ရာများက ဒေသခံတိုင်းရင်းသားပြည်သူများကိုကော်ဖီပျိုးပင်၊ လျှော်ဖြူပျိုးပင်၊ ပြောင်းဖူးမျိုးစေ့၊ ဇီဝသဲရေစစ်အိုး၊ ဆိုလာပြား၊ မိလ္လာခွက်တို့ကို ထောက်ပံ့ပေးအပ်သည်။ ထို့အပြင် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မောင်နိုင်(iprd)**

**တန်ဖိုးရှိလှ လူငယ်ဘဝ**
**မူးယစ်ကင်းစင် ကျန်းမာမှ**

# ရဲဘက်ပြေးတစ်ဦးအား ဖမ်းဆီးစစ်ဆေးရာ ဆိုင်ကယ်ခိုးမှုများပေါ်ပေါက်

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်း အကူဌာနစုမှတပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၉) ရပ်ကွက်နေ ဇော်ခိုင်ဦး(၂၁နှစ်)အား ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းမှအမှုဖြင့် ပြစ်ဒဏ်ကျခံနေစဉ် ရဲဘက်မှထွက်ပြေးလာပြီး ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းအရ ၎င်းကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ထိုသို့ စုံစမ်းဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက် ရုံးလမ်းမပေါ်တွင် ဇော်ခိုင်ဦးအား JLM -125 ဆိုင်ကယ်နှစ်စီးကို ရောင်းချရန်ပြုလုပ်နေစဉ် ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူ ဇော်ခိုင်ဦးကို ၎င်းဆိုင်ကယ်များနှင့်ပတ်သက်၍ စစ်ဆေးခဲ့ရာ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၂) ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် စစ်တောင်းအိမ်ရာအတွင်းမှ ခိုးယူလာသောဆိုင်ကယ်များဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည့်အပြင် အောက်တိုဘာ ၁၉ ရက် နံနက် ၂ နာရီခန့်ကလည်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၁)ရပ်ကွက်ရှိ နေအိမ်တစ်လုံးရှေ့တွင်ရပ်ထားသော KENBO -125 အမျိုးအစား ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။



၎င်းအား ထပ်မံစစ်ဆေးခဲ့ရာ ဩဂုတ်လအတွင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄) ရပ်ကွက်(၇) လမ်းရှိ တိုက်တစ်လုံး၏ လှေကားအဆင်းတွင် ရပ်ထားသော JLM-125 အမျိုးအစား ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ကြောင်း ထပ်မံပေါ်ပေါက်ခဲ့သဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မ ရဲစခန်းက ထပ်မံအမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်လှမောင်**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အာဆီယံ၏ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် ပါဝင်ပေါင်းစည်းမည့်အစီအစဉ် သို့မဟုတ် အာရ်စီအီးပီ

စိုးယုမေ

အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အာဆီယံရည်မှန်းချက်ပါ စီးပွားရေးပေါင်းစည်းမှု၏ အန္တိမရည်မှန်းချက်ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ အကျိုးစီးပွားအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်းကိုထူထောင်ရာတွင် အာဆီယံအနေဖြင့် ပွင့်လင်း၍ ပြင်ပရှုမျှော်သော နိုင်ငံစုံစည်းမျဉ်းများနှင့်ကိုက်ညီပြီး စီးပွားရေးဆိုင်ရာ ကတိကဝတ်များ အကောင်အထည်ဖော်ရာ၌ အကျိုးရှိစေမည့် စည်းမျဉ်း၊ အခြေခံစနစ်များပါဝင်သည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**အေအီးစီ ပြည့်မီအောင်မြင်ရေး ရည်ရွယ်ချက်များ**

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ပြည့်မီအောင်မြင်ရေးအတွက် အောက်ပါရည်ရွယ်ချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ
(ခ) ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသောစီးပွားရေးဒေသ
(ဂ) စီးပွားရေးဖွံ့ဖြိုးမှု မျှတသောဒေသ
(ဃ) ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစည်းမှုရှိသော ဒေသ

အာဆီယံသည် ပြင်ပစီးပွားရေးဆက်ဆံမှုပြုရာတွင် အာဆီယံ၏ အချက်အချာကျမှုကိုထိန်းသိမ်းလျက် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆွေးနွေးလျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များ (FTA Agreements) နှင့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Comprehensive Economic Partnership (CEPs) Agreement) များအရ လွတ်လပ်သော ကုန်သွယ်မှုဒေသများကို အကောင်ထည်ဖော်ခြင်း၊ ညှိနှိုင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံအနေဖြင့် ပိုမိုအင်အားတောင့်တင်းသော ကမ္ဘာ့ထောက်ပံ့မှုပေးနိုင်သည့် ဒေသကြီးဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုကို စွမ်းဆောင်သောဒေသအဖြစ် ဆက်လက်တည်ရှိစေရန် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) လမ်းပြမြေပုံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ပါဝင်ပေါင်းစည်းသောဒေသ (Integration into the Global Economy) ဖြစ်ပေါ်လာရေးအတွက် ဦးတည်ရည်ရွယ်ပါသည်။ ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အာဆီယံမူဘောင် (ASEAN Framework on Regional Comprehensive Economic Partnership-RCEP)ကို အကောင်အထည်ဖော်ရန် ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံခေါင်းဆောင်ကြီးများက သဘောတူခဲ့ပါသည်။ အဆိုပါ အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံနိုင်ငံခေါင်းဆောင်ကြီးများသဘောတူခဲ့သည့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု RCEP အဖွဲ့အစည်းတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ၄င်းတို့၏ လွတ်လပ်သောကုန်သွယ်မှု ဒေသထူထောင်ဖက်နိုင်ငံ ခြောက်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ ပါဝင်ကြပါသည်။

RCEP ၏မူဘောင်သည် အာဆီယံပဋိညာဉ် စာတမ်းအပိုဒ် ၁၊ အပိုဒ်ခွဲ ၁၅ တွင်ဖော်ပြပါရှိသည့် "ပွင့်လင်းခြင်း၊ ထင်သာမြင်သာရှိစေခြင်းနှင့် ပါဝင်ခြင်းတို့ဖြစ်သည့် ဒေသဆိုင်ရာ အဆောက်အအုံပုံသဏ္ဌာန်တစ်ခုတွင် ဒေသပြင်ပဆွေးနွေးဖက်များနှင့် ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့သည် အခြေခံမောင်းနှင်အားအဖြစ် အာဆီယံ၏ အချက်အချာကျမှုနှင့် တက်ကြွမှုကို ထိန်းသိမ်းရန်"ကို လမ်းညွှန်မှုအဖြစ်ခံယူပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသဆွေးနွေးဖက်များနှင့် အခြားပြင်ပ စီးပွားရေးဆွေးနွေးဖက်များပါဝင်သည့် ဘက်စုံစီးပွားရေး သဘောတူစာချုပ်များ ဆောင်ရွက်ရန်၊ အဆိုပါသဘောတူစာချုပ်များတွင် အထွေထွေအခြေခံအချက်အလက်ဖော်ပြခြင်းနှင့် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် သဘောတူညီနိုင်သည့် အခြားနယ်ပယ်များတွင် အာဆီယံမှ အသေးစိတ်အခြေခံအချက်အလက်များကို သတ်မှတ်ပြဋ္ဌာန်းခြင်းတို့ကို လမ်းညွှန်မှုပြုထားပါသည်။

RCEPအတွက် ညှိနှိုင်းဆောင်ရွက်မှုများကိုလည်း ၂၀၁၃ ခုနှစ်တွင် စတင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၅ တွင် အပြီးသတ်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါသည်။ ထို့အပြင် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် (RCEP Work Plan) ကိုလည်း အဆိုပါထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်ကြီးများက ချမှတ်အတည်ပြုခဲ့ပါသည်။

RCEP လုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများအဆင့် ဦးဆောင်သည့် ညှိနှိုင်းရေးကော်မတီများအပြင် လုပ်ငန်းအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ဆွေးနွေးညှိနှိုင်းမှုများ ပြီးစီးအောင်မြင်ပါက RCEP သည် ကမ္ဘာ့အကြီးမားဆုံးကုန်သွယ်ရေး အဖွဲ့အစည်းကြီးဖြစ်လာနိုင်ပြီး အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေးအတွက် အဓိကကျသော သက်ရောက်မှုတစ်ခုရှိလာနိုင်မည် ဖြစ်သည်။ RCEP အဖွဲ့အစည်းသည် အဖွဲ့ဝင်နိုင်ငံများအကြား ခေတ်မီပြီး ဘက်စုံကုန်သွယ်ရေး သဘောတူညီချက်များကို အောင်မြင်မှုရရှိအောင်ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။ ညှိနှိုင်းခြင်းအစီအစဉ်များတွင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာပိုင်းများ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းပေးခြင်းများ ပါဝင်သည်။

**အာဆီယံအနေဖြင့် ပိုမိုအင်အား တောင့်တင်းသော ကမ္ဘာ့ထောက်ပံ့မှုပေးနိုင်သည့် ဒေသကြီးဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုကို စွမ်းဆောင်သောဒေသအဖြစ် ဆက်လက် တည်ရှိစေရန် . . . .**

**ကျင်းပခဲ့သည့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်မှုညှိနှိုင်းရေးကော်မတီ အစည်းအဝေးများ**

ပထမအကြိမ် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်မှုညှိနှိုင်းရေးကော်မတီ (RCEP-TNC) အစည်းအဝေးကို ၂၀၁၃ ခုနှစ် မေလ ၉ ရက်နေ့မှ ၁၃ရက်နေ့အထိ ဘရူနိုင်းနိုင်ငံ၊ ဘမ်ဒါဆရီဘီဂါဝမ်မြို့၌လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို ၂၃-၉-၂၀၁၃ ရက်နေ့မှ ၂၇-၉-၂၀၁၃ ရက်နေ့အထိ ဩစတြေးလျနိုင်ငံ ဘရေ့စ်ဘိန်းမြို့၌ လည်းကောင်း၊ တတိယအကြိမ် အစည်းအဝေးကို ၂၀-၁-၂၀၁၄ ရက်နေ့မှ ၂၄-၁-၂၀၁၄ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လည်းကောင်း၊ စတုတ္ထအကြိမ် ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၄ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် လည်းကောင်း၊ ပဉ္စမအကြိမ် ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ စင်ကာပူနိုင်ငံ၌ လည်းကောင်း ကျင်းပပြီးဖြစ်ပါသည်။ ဆဋ္ဌမအကြိမ် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေးများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၅ ရက်နေ့အထိ အိန္ဒိယနိုင်ငံ Greater Nodia မြို့၌ ကျင်းပမည်ဖြစ်ပါသည်။

**RCEP ဝန်ကြီးများအဆင့် အစည်းအဝေးများ**

ပထမအကြိမ် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးများအဆင့် အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ဘရူနိုင်းနိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ် ဝန်ကြီးများအဆင့်အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ နေပြည်တော်၌ လည်းကောင်း ကျင်းပခဲ့ပါသည်။

**အာဆီယံ၏ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ပါဝင်ပေါင်းစည်းမည့်အစီအစဉ် (သို့) RCEP**

လက်ရှိအခြေအနေတွင် အာရ်စီအီးပီစီးပွားရေးသည် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃ ထရီလီယံထိရှိခဲ့ပြီး ကမ္ဘာ့စီးပွားရေး၏ ၃၀ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပါသည်။ အာရ်စီအီးပီ စီးပွားရေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုသည်လည်း အားကောင်းမှုရှိပါသည်။ ၂၀၁၃ ခုနှစ်တွင် အာရ်စီအီးပီကုန်သွယ်ရေးသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ထရီလီယံရှိပြီး ကမ္ဘာ့ကုန်သွယ်ရေး၏ ၂၉ ဒသမ ၀ ရာခိုင်နှုန်းရရှိခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုသည် အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၈ ဘီလီယံရရှိခဲ့ပြီး ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု၏ ၂၃ဒ သမ၄ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ကမ္ဘာ့လူဦးရေ၏ တစ်ဝက်နေထိုင်သည့် အာရ်စီအီးပီသည် ကြီးမားသည့်ဈေးကွက်ကို ပိုင်ဆိုင်ပါသည်။ အာရ်စီအီးပီအတွင်းရှိပြီး ပြည့်စုံသည့်ဆွေးနွေးညှိနှိုင်းမှု၊ ပိုမိုကောင်းမွန်သည့် ဈေးကွက်ရရှိနိုင်သည့် စီးပွားရေးအားကောင်းမှု၊ နက်ရှိုင်းသည့် စီးပွားရေးပေါင်းစည်းမှု၊ အခွင့်အလမ်းများကို ဝေမျှဖန်တီးမှု၊ ဒေသတွင်း သန်းပေါင်းများစွာသောပြည်သူများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်မှု စသည့်အားသာချက်များဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

## ကျန်ရစ်သူမိသားစုအား ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၂၉**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းသည် အောက်တိုဘာ ၂၇ ရက်က ပခုက္ကူမြို့၌ ကျင်းပသည့် အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား ငွေကြေးအကျိုးခံစားခွင့်များထုတ်ပေးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီးက လစဉ်အာမခံအလုပ်သမား ၁၀၀၀၀ ကျော်ခန့်ကို ငွေကြေးအကျိုးခံစားခွင့် ငွေကျပ်သန်း ၉၀ခန့်နှင့် ဆေးဖိုးပြန်အမ်းငွေအဖြစ် ငွေကျပ် ၂၈ သန်းခန့်တို့ကို ထုတ်ပေးလျက်ရှိပါကြောင်း၊ အမှတ်(၇)ထွန်စက်စခန်း၊ စက်မှုလယ်ယာဦးစီးဌာနမှ အာမခံအလုပ်သမား ဦးဘိုသန်း၏ ကျန်ရစ်သူ



မိသားစုကို ငွေကျပ် ၁၁၅၄၄၀၊ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၃၁၂၀၀၀၀ ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း။

လူမှုဖူလုံရေးအဖွဲ့တွင် MMU နယ်လှည့်ဆေးကုသယာဉ်နှင့် အလုပ်ဌာနသို့အရောက် အာမခံအလုပ်သမားများ လုပ်ငန်းခွင်မပျက် ဆေးကုသခွင့်ရအောင် လည်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လူမှုဖူလုံရေးစီမံကိန်း အောင်မြင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့အပေါ် အလုပ်ရှင်၊ အလုပ်သမားများ၏ ယုံကြည်အားထားမှုရရှိစေရေးအတွက် လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် စေတနာထားလုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(မြန်မာ့အလင်း)

## နေပြည်တော်ကောင်စီနယ်မြေရှိ သစ်သီးဝလံစိုက်ခင်းများ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၂၈ ရက် နံနက် ၇ နာရီက ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်းသို့ရောက်ရှိပြီး ထိုင်ဝမ်မှုရင်းမျိုး တစ်ဆက်တစ်စပ်တည်း သင်္ဘောစိုက်ခင်း၌ သက်တမ်းခြောက်လသားအရွယ်အသီးများ ဖြစ်ထွန်းအောင်မြင်နေမှုကိုကြည့်ရှုပြီး ဈေးကွက်နှင့် ချိတ်ဆက်ပြီး တိုးချဲ့စိုက်ပျိုးရန်၊ မျိုးသန့်မျိုးပွားပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စိုက်ပျိုးနိုင်မည့် အစီအမံများကို လေ့လာဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်ဇုန်အနီး စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စိုက်ကွင်းသို့ ရောက်ရှိပြီး အဖိုလိုင်း၊ အမလိုင်း အောင်မြင်စွာ ဝတ်မှုန်ကူးပြီးဖြစ်သည့် ပုလဲသွယ်စပ်မျိုးစပါးခင်းများကို ကြည့်ရှုစစ်ဆေး၍ စပ်မျိုးစပါး F-1 တစ်ဧက အထွက်နှုန်းနှင့် ထွက်ရှိလာသော စပါးမျိုးစေ့များ၏ အရည်အသွေးအားဖြင့် စိတ်ချနိုင်မှုကို စနစ်တကျမှတ်တမ်းတင်ခြင်း ဆောင်ရွက်သွားကြရန်နှင့် F-1 စပါးမျိုးစေ့များကို စိုက်ပျိုးလိုကြသည့် တောင်သူလယ်သမားများလက်ဝယ်သို့ ယခုနွေစပါးစိုက်ပျိုးရာသီအချိန်မီ အချိန်ကိုက်ဖြန့်ဖြူးနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် မျိုးစေ့ထုတ်စိုက်ကွင်းအနီး ဧက ၃၀၀၀ ပုလဲသွယ်မိုးစပါးစိုက်ခင်းကြီးများကို လည်းကောင်း၊ ဂျပန်နိုင်ငံမှ 2KR အစီအစဉ်ဖြင့် ထောက်ပံ့ရရှိသည့် မြင်းကောင်ရေ ၅၀ အားရှိ Shibaura ထွန်စက်ကြီးများ၊ မြင်းကောင်ရေ ၄၇ ကောင်အားရှိ Kubota ထွန်စက်ကြီးများကို ကြည့်ရှုစစ်ဆေးသည်။ ၎င်းလိုက်လက်တံမြောင်းတစ်လျှောက် စက်ယန္တရားများဖြင့် မြောင်းများပြန်လည်သန့်ရှင်းထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲကျင်းပမည့်နေရာသို့ သွားရောက်စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလုပ ကြည်နူးရ

လွှတ်တော်ရေးရာကဏ္ဍ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာ လိရော့ကူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးမြင့်၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်၊ ပြည်သူ့ငွေစာရင်း ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းဦး၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ ဆရာမများအတွက် ထောက်ပံ့ကြေးငွေတိုးမြှင့်ပေးရန်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲပိုင်းတွင်ကျင်းပရာ **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ ရငွေသုံးငွေများ** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးတို့က ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းသို့ဆွေးနွေးရာတွင် စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီဝင် ဦးဝင်းဦးက လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ လုပ်ငန်းသုံးရင်းနှီးငွေနှင့် နေပြည်တော်ကောင်စီ၏ သာမန်အသုံးစရိတ်တို့အား လျှော့ချရန် ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီကိုယ်စား ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်က ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် နေပြည်တော်ကောင်စီ၏ သာမန်နှင့် ထောက်ပံ့ငွေစာရင်းလျှော့ချရန် ဆွေးနွေးသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဗိုလ်ရှုခံစင်မြင့်အဆောက်အအုံ တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ BEတွင် မတောင်းခံဘဲ RE တွင် တောင်းခံလာခြင်းသည် ဘတ်ဂျက်ဥပဒေနှင့် မကိုက်ညီကြောင်း၊ RE တွင် တောင်းခံခြင်းသည် မဖြစ်မနေ လုပ်ရမည့် လုပ်ငန်းဖြစ်ပါက လွှတ်တော်က ခွင့်ပြုနိုင်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌဒေါက်တာချမ်းငြိမ်းက သာသနာရေးဝန်ကြီးဌာန၏ ဖြည့်စွက်ရန်ပုံငွေတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ကြေးငွေတိုးမြှင့်ပေးရန်နှင့် သီးသန့်ရန်ပုံငွေမှ ကျခံပေးရန် ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် ကျန်းမာရေး

စာမျက်နှာ ၈ ကော်လံ ၆ သို့

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရွေးကောက်ပွဲစနစ်ကို ပြည်သူလူထုအကြား ချပြရှင်းလင်းပြီး မဲဆန္ဒရှင်အများစုသဘောဆန္ဒ ရွေးချယ်သုံးစွဲသင့်

**နေပြည်တော် အောက်တိုဘာ ၂၉**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၏ **"စတီးဝဲလ် သို့မဟုတ် လီဒိုလမ်းမကြီးကို အဆင့်မြှင့်တင်သွားရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မြောက်ပိုင်း တော်ဝင်ကျောက်စိမ်းကုမ္ပဏီလီမိတက်မှ B.O.Tမူဝါဒ(၂၁) ချက်နှင့်အညီ တင်ပြထားပြီး မူဝါဒနှင့် ကိုက်ညီပါက လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ငွေးအောင်၏ **"နိုင်ငံအတွင်း စိုက်ပျိုးထားရှိသော ကြက်ဆူစိုက်ခင်းများ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် ကျိုတိုသဘောတူညီချက်အရ စက်မှုဖွံ့ဖြိုးသောနိုင်ငံများ၌ တွင်းထွက်ဒီဇယ်ဆီနှင့် ဇီဝဒီဇယ်ဆီကို ရောနှောအသုံးပြုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီထုတ်လုပ်ခြင်းကို လူထုအခြေပြုစီမံကိန်းအဖြစ် သာစည်မြို့နယ် လှိုင်းတက်စိုက်ပျိုးရေးခြံတွင် ရှေ့ပြေးစမ်းသပ်ချက်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် **"ယှဉ်ပြိုင်မှု ဥပဒေကြမ်း"** တစ်ရပ်လုံးကို လွှတ်တော်က ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုခဲ့ကြသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးသည်။**

တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာက ကော်မရှင်အနေဖြင့် ပြည်သူ့အရပ်ဘက် အဖွဲ့အစည်းများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ စနစ်အကြောင်းကို ရှင်းပြခြင်း၊ သဘောထားများရယူခြင်း မလုပ်ခဲ့သည့်အပြင် ပြည်သူ့ဆန္ဒသဘောထား ဖော်ထုတ်ကန့်ကွက်မှုများကို လျစ်လျူရှုရာရောက်နေပါကြောင်း၊ ထို့ကြောင့် ပြည်သူ့ဆန္ဒရယူဆောင်ရွက်သင့်ပါကြောင်းနှင့် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP)ကို ဆက်လက်ကျင့်သုံးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်က ရွေးကောက်ပွဲစနစ်သည် နိုင်ငံတစ်နိုင်ငံအတွက် အရေးပါသောကိစ္စတစ်ရပ်ဖြစ်သော်လည်း နိုင်ငံ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးခြင်း မပြုနိုင်ပါကြောင်း၊ ရွေးကောက်ပွဲ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပြည်တွင်း၌ အဆင့်မြင့်စက်သုံးဆီ RON 92 ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပထမအကြိမ်အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်၌ ဆက်လက်ကျင်းပရာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းထွန်းမြင့်၏ **"အဆင့်မြင့်စက်သုံးဆီ ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းကြီးကြပ်မှုအောက်တွင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၊ အမှတ်(၂) ရေနံချက်စက်ရုံ (ချောက်)၊ ရေနံဓာတုဗေဒစက်ရုံ (သံပရာကန်)တို့ရှိပြီး အဆိုပါစက်ရုံများမှ ပြည်တွင်းရေနံစိမ်းနှင့် ရဲတံခွန်ကမ်းလွန်သဘာဝဓာတ်ငွေ့မြေမှ ထွက်ရှိသည့် လေဆီတို့ကို အသုံးပြုကာ RON 67 ဓာတ်ဆီ၊ လေယာဉ်ဆီနှင့် ဒီဇယ်ဆီများကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

ယခုအခါ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)အား ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်များပြီးစီးပါက စက်ရုံအား အဆင့်မြှင့် မွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ ရေနံချက်စက်ရုံ အသစ်တည်ဆောက်၍ ပြည်တွင်း၌ အဆင့်မြင့် စက်သုံးဆီ RON 92 ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် စီစဉ် ဆောင်ရွက်လျက် ရှိပါကြောင်း၊ အလားတူ မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းဒေသများအတွက် အဆင့်မြင့်စက်သုံးဆီ RON 92 ထုတ်လုပ်နိုင်သည့် ရေနံချက်စက်ရုံ အသစ်တစ်ရုံ တည်ဆောက်နိုင်ရန် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးသက်နိုင်ဦး မေးမြန်းသည့် **"နိုင်ငံအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် နားနေဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအနက် အငြိမ်းစားပင်စင်စားများ အကျိုးအတွက် e-Pension Card ဖြင့် ပင်စင်လစာငွေထုတ်ပေးသည့်စနစ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ခရိုင်/မြို့နယ်/ဘဏ်ငွေတိုက်ခွဲ စုစုပေါင်း ၃၁၇ ဘဏ်ရှိသည့်အနက် ယနေ့အချိန်အထိ ဘဏ်ခွဲပေါင်း ၂၉၈ ခုတွင် e-Pension Card ဖြင့် ပင်စင်လစာထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ပင်စင်စားများအနေဖြင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အာဆီယံငွေရေးကြေးရေးကဏ္ဍပါဝင်မှုဆိုင်ရာ ညီလာခံကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၉

**အာဆီယံငွေရေးကြေးရေးကဏ္ဍပါဝင်မှုဆိုင်ရာ ညီလာခံကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

အာဆီယံငွေရေးကြေးရေးကဏ္ဍဆိုင်ရာ ပါဝင်မှုဆိုင်ရာညီလာခံကျင်းပရခြင်းသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် တာဝန်ယူထားသည့်နိုင်ငံမှ ဦးဆောင်၍ အာဆီယံဒေသတွင်း နိုင်ငံများအနေဖြင့် ငွေကြေးဆိုင်ရာကဏ္ဍများ၊ မူဝါဒပိုင်းဆိုင်ရာကဏ္ဍများဆောင်ရွက်ရာတွင် ခေါင်းစဉ်တစ်ခုစီဖြင့် အလှည့်ကျညီလာခံပြုလုပ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က "အာဆီယံငွေရေးကြေးရေးကဏ္ဍဆိုင်ရာ ပါဝင်မှုဆိုင်ရာ ညီလာခံဘာကြောင့်လုပ်သလဲဆိုရင် ကျွန်တော်တို့နိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရတဲ့ အချိန်မှာ အာဆီယံငွေရေးကြေးရေးဆိုင်ရာ မူဝါဒနဲ့ပတ်သက်ပြီး အကြောင်းအရာတစ်ခုခု လုပ်ဖို့စဉ်းစားရပါတယ်။ ဘရူနိုင်းနိုင်ငံက ဥက္ကဋ္ဌအဖြစ်တာဝန်ယူတုန်းကလည်း ငွေရေး၊ ကြေးရေးနဲ့ပတ်သက်ပြီးတော့ "ငွေကြေးဆိုင်ရာနားလည်မှု" ခေါင်းစဉ်နဲ့ လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ကတော့ (၁၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးမှာ "ငွေရေးကြေးရေး ကဏ္ဍဆိုင်ရာပါဝင်မှု" ခေါင်းစဉ်နဲ့ တင်ပြတာကို အာဆီယံနိုင်ငံတွေက သဘောတူတဲ့အတွက် ဒီညီလာခံကို လုပ်တာပါ။ အထူးသဖြင့် အာဆီယံဒေသပတ်ဝန်းကျင်နိုင်ငံမှာ ဘဏ်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေမှာ ဘဏ်ဝန်ဆောင်မှုရဲ့ ခံစားမှုတွေမရတဲ့ ပြည်သူတွေအတွက် ခံစားခွင့်တွေရအောင် ဘယ်လိုဖော်ထုတ်မလဲ၊ စဉ်းစားကြမလဲပေါ့၊ အထူးသဖြင့် ဒီလိုခံစားမှုတွေ တွေ့ကြုံပြီးဖြတ်သန်းလာတဲ့ နိုင်ငံတွေဆီကနေ အတွေ့အကြုံယူပြီး ဆောင်ရွက်ဖို့ အာဆီယံဒေသတွင်းက ဘဏ္ဍာရေးဝန်ကြီးများအားလုံး သဘောတူလို့ ဒီညီလာခံလုပ်ဖြစ်တာပါ" ဟု သတင်းမီဒီယာသမားများကို ပြောကြားသည်။

မြန်မာနိုင်ငံသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အစိုးရသစ်လက်ထက်မှ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့်စတင်ဆက်သွယ်၍ ဆောင်ရွက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုအပိုင်းသည် နောက်ကျကျန်ရစ်လျက်ရှိနေသည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုအပိုင်းကို မြန်မြန်ဆန်ဆန်ဖြင့် ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များကိုရယူ၍ ဆွေးနွေးသွားမည်ဖြစ်ပြီး ငွေကြေးဆိုင်ရာ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းနိုင်ရန် အဓိကအခရာကျသည့် ဗဟိုဘဏ်အတွက်လည်း ဆွေးနွေးသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ သိရသည်။

"ကျွန်တော်က ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်အနေနဲ့ လာတာပါ။ အခုညီလာခံက အေဒီဘီဘဏ်၊ ကမ္ဘာ့ဘဏ်၊ ဩစတြေးလျနိုင်ငံနဲ့ United Nation တို့ကနေပေါင်းစပ်ပြီး မြန်မာပြည်ဖွံ့ဖြိုးတိုးတက်မှုတွေ လုပ်ဆောင်နိုင်မယ့် အစီအစဉ်တွေ လာရှင်းပြတာပါ။ ဒါကအာဆီယံတစ်ခုလုံး လုပ်မယ့်ပုံစံပါ။ မြန်မာပြည်တစ်ခုတည်းမဟုတ်ဘူး။ အာဆီယံဒေသတွင်း နိုင်ငံတွေမှာ ဘဏ်တွေနဲ့ မဆက်ဆံနိုင်တဲ့ နေရာတွေ၊ ဘဏ်မရှိတဲ့နေရာတွေက ပိုက်ဆံမရဘူး။ ဘဏ်နဲ့ ချိတ်ဆက်နိုင်သူကတစ်မျိုး၊ မချိတ်ဆက်နိုင်ရင်ရော၊ ဘဏ်နဲ့ ချိတ်ဆက်တာက အပေါင်ပစ္စည်းရှိရင် တစ်မျိုးမရှိရင်ရော၊ ငွေချေးချင်သူကငွေချေးဖို့ ထောက်ခံချက်တွေအများကြီးလိုမယ်။ မရရင်ရောဘယ်လိုလုပ်မလဲ၊ အပေါင်ပစ္စည်းရှိတာတောင် သွားပေါင်လို့မရတဲ့ အနေအထားတွေလည်းရှိတယ်။ အဲ့ဒီကွာဟချက်တွေကို ဘယ်လိုချိတ်ဆက်ပေးမလဲဆိုတာ ကျွန်တော်လာနားထောင်တာပါ။ ဘယ်အချိန်မှာ ဘယ်လောက်အထိ တိုးတက်တယ်ဆိုတာ ချိန်ညှိဖို့လိုမယ်" ဟု ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း အုပ်ချုပ်မှုကော်မတီဝင် ဦးနှင်းဦးက ပြောသည်။



ယနေ့ ပြုလုပ်သော အာဆီယံငွေရေးကြေးရေးကဏ္ဍဆိုင်ရာ ပါဝင်မှုဆိုင်ရာ ညီလာခံကို အောက်တိုဘာ ၃၀ ရက်နေ့တွင်လည်း ရန်ကုန်ဆီဒိုးနားဟိုတယ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ယခုပြုလုပ်သော ညီလာခံမှ ရရှိသည့် ရလဒ်များအား လာမည့်နှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်လာမည့် မလေးရှားနိုင်ငံကို လက်ဆင့်ကမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သော အဆိုပါညီလာခံသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဆီယံဒေသတွင်းမှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူး Madam Renata Lok-Dessailien၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးနှင့် သံအမတ်ကြီးများ၊ UNCDF ၊ UNDP၊ ကမ္ဘာ့ဘဏ်၊ အေဒီဘီဘဏ်တို့မှ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

## ပြည်သူ့လွှတ်တော်မှ

မှ ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော် ကိုယ်စားလှယ်များက နိုင်ငံတော်၏ ကံကြမ္မာကို ပြည်သူတို့၏ကိုယ်စား အဆုံးအဖြတ်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူကိုယ်စားပြုသည့် ကိုယ်စားလှယ်လောင်းများ ပေါ်ပေါက်ရေးသည် အရေးကြီးသဖြင့် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့် အနာဂတ်အတွက် ရေရှည်အကျိုးရှိပြီး လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ကို ပြည်သူလူထုအကြား ချပြရှင်းလင်းပြီး မဲဆန္ဒရှင်ပြည်သူလူထုအများစုသဘောဆန္ဒကို အလေးဂရုပြု၍ ရွေးချယ်သုံးစွဲသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညိုက ပြည်သူက တောင်းဆိုခြင်းမပြုဘဲ ပြည်သူလူထုနှင့် အသားကျပြီး ရိုးရှင်းလှသော ရွေးကောက်ပွဲစနစ်ကို လွယ်လင့်တကူပြင်ဆင်ရန် မသင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမှု (သို့မဟုတ်) ပြည်သူ့ဆန္ဒခံယူပွဲ၏ ထောက်ခံခွင့်ပြုချက်ဖြင့် ရွေးကောက်ပွဲစနစ်ကို ပြောင်းလဲပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေက ရွေးကောက်ပွဲစနစ်တစ်ခုပြောင်းမည်ဆိုပါက နိုင်ငံသားတစ်ဦးချင်းစီ၏ မျှတစွာ ကိုယ်စားပြုနိုင်မှုနှင့် အမျိုးသား အမျိုးသမီး တန်းတူမှု၊ လူနည်းစုအခွင့်အရေးနှင့် မသန်စွမ်းသူများ အခွင့်အရေးကို စဉ်းစားပေးမှုဆိုသည့် အချက်များကို အလေးထားရမည့်အပြင် ပြည်သူများ နားလည်သဘောပေါက်ရန် အချိန်ယူပညာပေးရှင်းလင်းပြီး ပြည်သူများက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြင်းပြစွာတောင်းဆိုပါမှ ရွေးကောက်ပွဲစနစ်ကို ပြောင်းသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

## ❐ ကျောဖုံးမှ

မြန်မာ-ဂျပန် ချစ်ကြည်ရေးနှစ်(၆၀) ပြည့်အထိမ်းအမှတ်အဖြစ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

" အခုရောက်ရှိလာတဲ့ ချယ်ရီသဘော်သုံးစင်းဟာ ဂျပန်အစိုးရက ချစ်ကြည်ရေးအနေနဲ့ မြန်မာရေကြောင်း ခရီးသွားပြည်သူတွေ အဆင်ပြေဖို့ ရည်ရွယ်လှူဒါန်းပို့ဆောင်ပေးလိုက်တာ ဖြစ်ပါတယ်။ ဟိုမှာတင်တုန်းကတော့ တစ်နေ့ကို တစ်စင်းနှုန်းပဲ ဒီဂျပန် သဘော်ကြီး (Paula) ပေါ်ကို တင်ဆောင်ခဲ့တယ်လို့ သိရတယ်။ ဒီမှာလည်း မနက်ဖြန်ကစပြီး ချယ်ရီ (၁)ကို စချဖြစ်မှာပါ။ ဒီမှာကတော့ တစ်နေ့ကို တစ်စင်းနှုန်းချမယ်ဆိုပေမယ့် အခြေအနေအရ တစ်နေ့ကို နှစ်စင်းလည်းချဖြစ်ရင် ချဖြစ်မှာပါ။ စောနိုင်သမျှ စောစောလေး ပြေးဆွဲပေးသွားနိုင်အောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးစီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက မြန်မာ့အလင်းသို့ ပြောကြားသည်။

ဂျပန်နိုင်ငံမှ ချစ်ကြည်ရေးအနေဖြင့်လှူဒါန်းသည့် အဆိုပါသဘော်သုံးစင်းသည် တစ်စင်းလျှင် အမေရိကန်ဒေါ်လာလေးသန်း စုစုပေါင်း သုံးစင်းအတွက် အမေရိကန်ဒေါ်လာ ၁၂ သန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းခြင်းဖြစ်သည်။ ယင်းသဘော်သုံးစင်းကို ပန်းဆိုးတန်း-ဒလတစ်ဖက်ကမ်းသို့ ယခုလာမည့် နိုဝင်ဘာလလယ်တွင် နောက်ဆုံးထားကာ နေ့စဉ် အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်ပြီး သဘော်စီးခကိုလည်း ပြောင်းလဲတိုးကောက်ခံသွားမည်မဟုတ်ဘဲ ယခင်မူလခရီးသည်တစ်ဦးငွေကျပ် ၁၀၀ နှုန်း အတိုင်းသာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

" ကျွန်တော်တို့ ဂျပန်နိုင်ငံကို ဇူလိုင် ၇ ရက်က သွားရောက်ပြီး ဒီချယ်ရီ (၁)၊ (၂)နှင့်(၃) သဘော်သုံးစင်းကို သွားရောက်လေ့ကျင့်မောင်းနှင်ခဲ့ရတယ်။ ဒီသဘော်တွေမှာ အရေးကြီးတဲ့ ရေဒါတွေ၊ GPS တွေ၊ ခေတ်မီဆက်သွယ်ရေးစနစ်ကောင်းတွေ အမျိုးမျိုးထည့်သွင်းအသုံးပြုထားသလို ခရီးသည်တွေ ကြည့်ဖို့အတွက် TV နှစ်လုံး၊ အဆင့်မြင့်ဘိုထိုင်အိမ်သာတွေနဲ့ Jacket အင်္ကျီတွေကအစ တော်တော်လေး စုံစုံလင်လင်ပါပါတယ်။ တကယ့်ကို ခေတ်မီတဲ့ ပြည်ပသဘော်ကြီးတွေအတိုင်း လုပ်ဆောင်ပေးထားတာပါ" ဟု အဆိုပါ သဘော်သုံးစင်းကို သွားရောက်လေ့လာခဲ့သည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးစီးဌာနမှ ရေယာဉ်မှူး ဦးသက်နိုင်က ပြောကြားသည်။

အဆိုပါ ချယ်ရီ(၁)၊ (၂)နှင့် (၃) သဘော်သုံးစင်းမောင်းနှင်ရန်အတွက် မြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းမှ ရေယာဉ်မှူးများနှင့် ရေယာဉ်အုပ်များပါဝင်သည့် အဖွဲ့ဝင် ၁၁ ဦးကို ဇူလိုင် ၇ ရက်က ဂျပန်နိုင်ငံသို့ ပညာသင်လေ့လာရေးအနေဖြင့် နှစ်ပတ်ကြာ စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။ ၎င်းသဘော်သုံးစင်းသည် အရှည်ပေ ၁၃၀ရှိပြီး ခရီးသည် အနည်းဆုံး ၁၀၀ ကျော်ဝင်ဆံ့ တင် ဆောင်နိုင်ကြောင်း သိရသည်။ နှစ်ထပ်သဘော်အမျိုးအစားများဖြစ်ပြီး တတိယထပ် အမိုးပေါ်တွင်လည်း ခေတ်မီဆိုလာပြားများ တပ်ဆင်အသုံးပြုထားသည်။

"အဒေါ်တို့ ဒီပန်းဆိုးတန်း-ဒလခရီးစဉ်အတွက် မကြာခင်မှာ နောက်ထပ် ဂျပန်ကလှူဒါန်းတဲ့ သဘော်အသစ်သုံးစင်းနဲ့ ပြေးဆွဲပေးမယ်လို့တော့ ကြားတယ်။ ကောင်းပါတယ်။ ဆိပ်ခံဇောတံတားတွေကလည်း ပြီးနေပြီ " ဟု ဒလမြို့နေ အမျိုးသမီးကြီးတစ်ဦးက သူ၏အမြင်ကို ပြောပြသည်။

ရန်ကုန်-ပန်းဆိုးတန်းနှင့် ဒလဘက်ကမ်းကိုလက်ရှိ ပြေးဆွဲပေးနေသည့်ရေယာဉ်များမှာ ကျန်စစ်သား၊ အနော်ရထာနှင့် တပင်ရွှေထီး သဘော်သုံးစင်းတို့ဖြစ်ပြီး တစ်နေ့နှစ်စင်းနှုန်း အလှည့်ကျပြေးဆွဲပေးလျက်ရှိသည်။ နေ့စဉ် ခရီးသည်သုံးသောင်းကျော်ကို တစ်နေ့သဘော်တစ်စင်း အခေါက်ရေ ၄၆ ခေါက်ထက်မနည်း ပြည်တွင်းရေကြောင်းဦးစီးဌာနက ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


## အမျိုးသားလွှတ်တော်မှ

ပင်စင်လစာများ လာရောက်ထုတ်ယူချိန်တွင် သက်သောင့်သက်သာဖြင့် နားနေနိုင်ရန်အတွက် နားနေဆောင်များကိုလည်း မြေနေရာအကျယ်အဝန်း၊ ပင်စင်စားဦးရေတို့အပေါ် မူတည်ပြီးဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ်ခွဲပေါင်း ၁၆ ခုတွင် ဆောင်ရွက်ပေးနိုင်ခဲ့ကာ ထပ်မံဆောင်ရွက်ပေးနိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုပြီးပေးပို့ထားသော ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အသိပေးတင်ပြသည်။

ထို့နောက် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ်၏ **" ပြည်တွင်းငြိမ်း ချမ်းရေးရရှိလာသည်နှင့်ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသောတိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုစီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း "** အဆိုနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**




**မကွေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့(၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ၁၇-၁၁-၂၀၁၄ရက် ညနေ ၄း၃၀နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မကွေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဖုန်း-၀၆၃-၂၅၉၉၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဇော်ဇော်တင် ပိုင်ဆိုင်သော ယာဉ်အမှတ် ၈ဏ/၃၈၇၆၏ ပုံစံ(ဃ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၉၆၁၄၅**

**၂၂-၁၀-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၁)ပါ၊ ပုဇွန်တောင်မြို့နယ်၊ ၅၇လမ်း၊ ပေ(၅၀×၆၀)ရှိမြေကွက်အားရောင်းရန် ကြေညာချက်နှင့် ပတ်သက်၍**

**အများသိစေရန်ရှင်းလင်းကြေညာခြင်းအပေါ် ထပ်မံရှင်းလင်းကြေညာချက်**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးသိန်း ၁၂/တမန(နိုင်)၀၂၆၃၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၅၇လမ်း၊ အမှတ်(၁၂၇/၁၂၉)၊ မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ၂၀၀၆ခုနှစ်တွင် အမည်ပေါက်မြေရှင် (ဒေါ်တင်ရွှေ)၏ အမွေဆက်ခံသူများနှင့် ကန်ထရိုက်တာ ဦးကျော်မြင့်(ခ)ဦးဟာရှင်တို့သည် တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြပြီး အမွေဆက်ခံသူများဖြစ်သော ၁။ ဒေါ်သန်းသန်းဌေး ၂။ ဒေါ်တင်ညိမ်း ၃။ ဦးခွန်နေဇော်အောင် ၄။ ဦးအေးကြူတို့အမည်ဖြင့် နှစ် ၉၀ ဂရန်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဂရန်ထုတ်ပေးထားပြီး မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက နိုင်ငံတော်သို့ အခွန်ငွေထမ်းဆောင်ပြီး တရားဝင် မှတ်ပုံတင်စာချုပ်အမှတ်(၅၂၇၃/၁၂)ကိုချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

၂။ ၂၂-၁၀-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာပါ ကြေညာသူများ၏ ကြေညာချက်များသည် မှန်ကန်မှုမရှိပါ။ကြေညာသူများသည် ကန်ထရိုက်တိုက်ခန်းအား ကန်ထရိုက်တာ ဦးကျော်မြင့်(ခ)ဦးဟာရှင်ထံမှ ကြိုပွိုင့်စနစ်ဖြင့် (မြေပိုင်ရှင်မသိရှိဘဲ)ဝယ်ယူထားသူများဖြစ်၍ ကန်ထရိုက်တာ ဦးကျော်မြင့်(ခ)ဦးဟာရှင်နှင့်သာ ဖြေရှင်းဆောင်ရွက်ကြရန်ဖြစ်ပါသည်။ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူနှင့်မည်သို့မျှသက်ဆိုင်ခြင်းမရှိပါ။

၃။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသော အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သို့မျှ ပိုင်ရေးဆိုင်ခွင့်မရှိသောသူများမှ ကျွန်ုပ်၏မိတ်ဆွေ ဂုဏ်သိက္ခာကို ထိပါးစေရန်အတွက် ကန့်ကွက်နှောင့်ယှက်မှုများအား နောက်နောင်တွင် မပြုလုပ်ကြရန်နှင့် မလိုက်နာဘဲ ပြုလုပ်ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းနိုင်အောင် LL.B, C.B.L အထက်တန်းရှေ့နေ (စဉ်-၃၀၂၈၂)**
**အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၅၁၂၅၆၀၂**

## မိတ္ထီလာ၌ စိန်ရွှေရတနာ ၃၁ သိန်းကျော် အခိုးခံရ

**မိတ္ထီလာ အောက်တိုဘာ ၂၉**

မိတ္ထီလာမြို့ မြို့တွင်းဆုတောင်းပြည့်ဘုရားလမ်း ဆိုင်းတန်းရပ်နေ ဒေါ်သန်းမြင့် (၈၀နှစ်)သည် ပြည်သာယာတောင်ရပ် ၅လမ်းနေ ညီမဖြစ်သူ ဒေါ်သန်းတင့်နေအိမ်၌ ခေတ္တနေထိုင်စဉ် အောက်တိုဘာ ၂၇ ရက် ညက နေအိမ်အိပ်ခန်းအတွင်း ပြတင်းပေါက်အားဖွင့်၍ အိပ်ရာဝင်ခဲ့ရာ အောက်တိုဘာ ၂၈ ရက် နံနက် ၆ နာရီတွင် အိပ်ရာမှနိုး၍ ခုတင်ခေါင်းရင်းတွင်ထားရှိသော အိတ်မှာပျောက်ဆုံးနေပြီး အိတ်အတွင်းထည့်ထားသော ကျောက်မျက်ရတနာ နှင့် ငွေအပါအဝင် ၃၁ သိန်းကျော်ဖိုး ခိုးယူခံရသည်ကိုတွေ့ရသဖြင့် ခိုးယူသူကို စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဒေါ်သန်းမြင့်က တရားလိုပြုလုပ်၍ အမှတ်(၃)နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ အမှတ်(၃)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## အရှိန်မထိန်းနိုင်သောအငှားယာဉ် လမ်းဘေးဓာတ်တိုင်ကို တိုက်မိသဖြင့် ယာဉ်ပေါ်ပါခရီးသည်ဒဏ်ရာရ

**ရန်ကုန် အောက်တိုဘာ ၂၉**

ဗဟန်းမြို့နယ်အတွင်း အောက်တိုဘာ ၂၇ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က ရွှေမင်းဝံလမ်းအတိုင်း ခြောက်ထပ်ကြီးဘုရားဘက်မှ ကုက္ကိုင်းဘက်သို့ တာမွေမြို့နယ်နေ ယာဉ်မောင်း ကိုစိုးဟန်မောင်းနှင်လာသော 7D----ပရိုဘောက်စ်အငှားယာဉ်သည် နဝဒေးရေတပ်လိုင်းခန်းရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ ယာဘက်လမ်းစပ်ရှိ ဓာတ်တိုင်ကိုဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်နှင့်ဓာတ်တိုင်တို့ ပျက်စီးသွားခဲ့ပြီး ယာဉ်ပေါ်ပါခရီးသည် မခိုင်ဇင် (၃၀ နှစ်)တွင် ဒဏ်ရာများရရှိကာ ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် တင်ပို့ကုသခဲ့ရသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကိုစိုးဟန်ကို ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## သစ်သီးဝလံဈေးကွက်နှင့် အရောင်းအဝယ်စနစ်များ တိုးတက်ဖြစ်ထွန်းရေးအလုပ်ရုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၉**

သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများ၊ ပြည်တွင်းရောင်းဝယ်တင်ပို့သူများ၊ ပြည်ပသို့ တင်ပို့ရောင်းချသူများ၊ သစ်သီးဝလံ ကဏ္ဍတစ်ရပ်လုံးတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံး စုစည်းညီညွတ်စွာဖြင့် လုပ်ငန်းများ ဆက်လက်စီမံ ဆောင်ရွက်သွားနိုင်ရန်အတွက် သစ်သီးဝလံဈေးကွက်နှင့် အရောင်းအဝယ်စနစ်များ တိုးတက်ဖြစ်ထွန်းရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က သစ်သီးဝလံများအား ထုပ်ပိုးမှုစနစ်အပါအဝင် အဆင့်မီအောင်ပြုပြင်ပြီး ပင်လယ်ရေကြောင်းမှ ထိုးဖောက်တင်ပို့နိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နှစ်အလိုက် ပြည်ပတင်ပို့မှု တိုးတက်လျက်ရှိသော်လည်း ပိုမိုအကျိုးအမြတ်ရရှိစေရန်နှင့် နည်းစနစ်များ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဌာနဆိုင်ရာများ၊ အသင်းတာဝန်ရှိသူများက ပံ့ပိုးပေးရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် ထုပ်ပိုးမှုစနစ် ကောင်းမွန်အောင်နှင့် အသီးအလုံးညီညာမှုရှိရန် လိုအပ်ကြောင်း၊ မိမိတို့၏ အသီးအနှံများ ပစ္စည်းမှန်အောင်ထုတ်လုပ်ပြီး ဈေးနှုန်းမှန်ရရှိစေရန်အတွက် အရည်အသွေးမြင့် တင်ရန်လိုအပ်ကြောင်း၊ ပိုးသတ်ဆေး ဓာတ်ကြွင်းကိစ္စများအပေါ် အထူးအလေးထား ကြပ်မတ်စိစစ်မှုများ ရှိနေသဖြင့် တောင်သူများကို စည်းရုံးပညာပေးမှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်က သစ်သီးဝလံဈေးကွက်အခြေအနေ စာတမ်းကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်အသင်းခွဲများမှ ကိုယ်စားလှယ်များ၊ မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်မှ ကိုယ်စားလှယ်နှင့် အစည်းအဝေး တက်ရောက်လာသူများကသစ်သီးဈေးကွက်နှင့် အရောင်းအဝယ်စနစ်များ တိုးတက်ဖြစ်ထွန်းရေးအတွက် ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

**(မြန်မာ့အလင်း)**

## မော်လမြိုင်ကျွန်းမြို့နယ်တွင် သဘာဝဘေးကာကွယ်ရေးဒီရေတော သစ်ပင်စိုက်ပျိုး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၉**

မော်လမြိုင်ကျွန်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်သောအားဖြင့် ဒီရေတောသစ်ပင်မျိုးစုံ ပြုစုပျိုးထောင်စိုက်ပျိုးခြင်းကို မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်ညွန့်နှင့် သစ်တော ဦးစီးဌာန ဝန်ထမ်းများသည် ကျွန်းချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ကျွန်းချောင်းကျေးရွာအုပ်စု ဂုံမင်းမြစ်တန်းကျေးရွာတွင် ဒီရေတောသစ်ပင်မျိုးစုံ ပြုစုပျိုးထောင်စိုက်ပျိုးခဲ့ကြသည်။

သဘာဝဘေးကြိုတင်ကာကွယ်ရေးအဖြစ် ပြုစုပျိုးထောင်စိုက်ပျိုးကြသော ဒီရေတောသစ်ပင်များမှာ လမုပင်၊ ဗျိုက်ပင်နှင့် ကန့်ဘလူပင် စုစုပေါင်း ဒီရေတော သစ်ပင်မျိုးစုံ အပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြရာ အောက်တိုဘာ ၂၇ ရက်အထိ စိုက်ပျိုးပြီး ဒီရေတောသစ်ပင်မျိုးစုံတို့မှာ အပင်အမြင့် ခြောက်ပေကျော်အထိ ရှင်သန်ကြီးထွားလျက်ရှိပြီး မှိုင်းမှိုင်းညို့ညို့ လေကာတောများအဖြစ် ရှိနေပြီဖြစ်သည်။

"အခုလို ဂုံမင်းမြစ်တန်းကျေးရွာမှာ ဒီရေတောသစ်ပင်စိုက်ပျိုးခဲ့ကြတဲ့အတွက် သဘာဝဘေးကြိုတင်ကာကွယ်ရေးအဖြစ် ရေကာတော၊ လေကာတောများအဖြစ် အသုံးဝင်ခြင်း၊ ကမ်းပါးပြိုခြင်းနှင့် ကမ်းပါးကို ထိန်းသိမ်းကာကွယ်နိုင်ခြင်းတို့အပြင် ရေငန်များစိမ့်ဝင်မှုမှပါ ကာကွယ်တားဆီးပေးနိုင်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ညွန့်က ပြောသည်။

**မော်ကျွန်း-မြင့်အောင်**


### ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
### အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ရေကြည်မြို့နယ်တရားမရုံးတော်၌**
**၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၆၆နှင့်ဆက်သွယ်သည့်**
**၂၀၁၆ ခုနှစ် တရားမဓာရီမှုအမှတ်-၆၅**

မန်နေဂျာ နှင့် ၁။ ဦးကျော်ဝင်း
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ၂။ ဒေါ်ဝင်းမြင့်
ကူးသန်းရောင်းဝယ်ရေးဘဏ်
ရန်ကုန်မြို့
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အမှတ်(၄၃၅/ဘီ)၊ ရဲခေါင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ ငါးသိုင်းချောင်းမြို့ (ယခုနေရပ်လိပ်စာမသိ) (၁)၊ (၂)တရားရှုံးများသိစေရမည်။

၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၃ရက်(၁၃၇၈ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၂ရက်)မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အုန်းရီမြင့်)**
**မြို့နယ်တရားသူကြီး**
**ရေကြည်မြို့နယ်တရားရုံး**



### ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဦးဖိုးကျားလမ်း၊ အမှတ်(၁၄)နေ ဒေါ်ထူးကေသီညွှန့် ၁၂/ကမတ(နိုင်)၀၆၂၈၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၁၁-၉-၂၀၁၆ ရက်၌ မှတ်ပုံတင်စာချုပ်အမှတ် (၄/၁၃၉၈၁/၂၀၁၆) အရ မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

**တံဆိပ်အမည်အမှတ်အသား**

Lilian

(၄/၁၃၉၈၁/၂၀၁၆)

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ချည်ထည်၊ ပိုးထည်၊ အခြားပိတ်စအထည်အလိပ်အမျိုးမျိုးတို့ကို အမျိုးသမီးဝတ်၊ ကလေးဝတ်၊ အင်္ကျီ၊ လုံချည်၊ စကတ်၊ ဂါဝန်၊ ဘောင်းဘီအမျိုးမျိုးတို့ကို ပုံသဏ္ဌာန်အမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုး၊ အရွယ်စုံ၊ ဆိုဒ်စုံတို့တွင် တပ်ဆင်ပြီး အဆိုပါကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းအသုံးပြုသော စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ ကျွတ်ကျွတ်အိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည် တို့အပေါ်တွင်လည်း အဆိုပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ပြုလုပ်ပြီးလျှင် ဖိနှိပ်၍ ကပ်နှိပ်၍ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ဆင်တူယိုးမှားထင်ယောင်ထင်မှား တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ခနေဖြူ-ဦးစိုးမြင့် B.A (Law), LL.B** **ဒေါ်ခင်ဝင်းမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၃)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၈၃၃)**
**ဖုန်း-၀၉-၅၁၅၀၄၁၈** **ဖုန်း-၀၉-၅၀၈၆၃၃၅**
**အမှတ်-၉/၁၁၊ အခန်းအမှတ်-၁၀၁(အေ) ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**



### ရပ်ဝေးရပ်နီးအသီးသီးရှိအလှူရှင်များအား ဖိတ်ကြားခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဆင်ဖြူကွင်း သုသာန်(အခမဲ့)မီးသင်္ဂြိုဟ်စက် ဖြစ်မြောက်အောင်မြင်ရန် ထက်သန်သောစေတနာ၊ ဝေဆာသော သဒ္ဓါထူး၊ ကြည်နူးသောစိတ်ထားတို့ဖြင့် ပါဝင်လှူဒါန်းထားသော လှူဒါန်းမှုအစုစုတို့၏ စုပေါင်းရေစက်ချအခမ်းအနားကို ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၉ရက်၊ (၃၁-၁၀-၂၀၁၆)ရက် သောကြာနေ့ နံနက်၈း၀၀နာရီတွင် ဆင်ဖြူကွင်းသုသာန်(ပင်မဇရပ်)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အလှူရှင်များ၊ လူမှုရေးအသင်းများအား ဖိတ်ကြားအပ်ပါသည်။

**ဆင်ဖြူကွင်းသုသာန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊**
**ပဲခူးမြို့-၀၉-၂၅၀၉၂၂၁၂၈(ရုံးဖုန်း)**



**ဆရာဒွေး** အင်္ဂလိပ်စာသင်တန်း

Speaking

01-375970, 0951 72096, 0925 4541441



### အများသိစေရန်

စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်အမှတ်၊ (၉)တကောင်းလမ်း(၄)လွှာ ခြေရင်းခန်းအား ဝယ်ယူထားသူ ဦးမျိုးခိုင် ၁၂/အလန(နိုင်)၀၀၁၀၈၁မှ ငွေပေးသွင်းရန် ပျက်ကွက်သည့်အတွက် ကန်ထရိုက်တာဒေါ်ရီရီဝင်းအား ဝယ်ယူထားသော အခန်းကို ပြန်လည်အပ်နှံကြောင်းနှင့် ၂၀-၁၁-၂၀၁၃ ရက်က ချုပ်ဆိုခဲ့သော တိုက်ခန်းအရောင်းအဝယ်စာချုပ်ကို နှစ်ဦးသဘောတူ ပယ်ဖျက်လိုက်ကြောင်း ကြေညာလိုက်ပါသည်။

**ဦးမျိုးခိုင် ၁၂/အလန(နိုင်)၀၀၁၀၈၁**



**ပျောက်ဆုံး**

ကျွန်တော်ဦးခင်မောင်ဇော် ၁၂/ရကန(နိုင်)၀၄၄၃၁၁ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၁၁၈၇၂၂၂**



### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ကျွန်မတို့၏သမီးဖြစ်သူ မခင်ဝါဝါလှိုင်သည် မိဘ၏ဆိုဆုံးမမှုကို မလိုက်နာခြင်း၊ အရှက်တကွဲအကျိုးနည်းလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဖခင်-ဦးရီလှိုင်**
**မိခင်-ဒေါ်ဝါဝါအောင်**
**အမှတ် (610/B)၊ မေဃဝတီလမ်း၊**
**၁၅၆ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်**



**ဖခင်အမည်မှန်**

မိတ္ထီလာမြို့ အထက(၂)တက္ကသိုလ်ဝင် တန်း(F)မှ မောင်ကောင်းမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့်စိန် ၉/တကန (နိုင်)၀၂၀၅၄၇ ဖြစ်ပါကြောင်း။

**ဦးမောင်မြင့်စိန်**


### ဖခင်အမည်မှန်

နေပြည်တော် အထက(၁၆) ကျည်တောင်ကျေးရွာ နဝမတန်း (A) မှ မောင်ကျော်ကိုကိုသက်နှင့် မဖြူနှင်းအိ၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇော်ညွှန့် ၉/ပမန (နိုင်)၀၀၁၁၂၁ ဖြစ်ပါကြောင်း။

**ဦးသန့်ဇော်ညွှန့်**

## စီးရီးအေပွဲစဉ်နှင့် ဂိုးရလဒ်များ (သီဟ)

**အီတလီ စီးရီးအေ ပွဲစဉ်(၉)** **အောက်တိုဘာ ၃၁**

ဗီရိုနာ - လာဇီယို နံနက် ၂း၁၅

### ဗီရိုနာ Vs လာဇီယို

စီးရီးအေ ပွဲစဉ်(၉) ဗီရိုနာအသင်းက ရမှတ် ၁၁မှတ် အဆင့်၁၀မှာ ရပ်နေပြီး အိမ်ကွင်းလေးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ ဧည့်သည်လာဇီယိုက ရမှတ် ၁၅မှတ် အေစီမီလန်နှင့် အမှတ်တူနေကာ ဂိုးကွာခြားချက်ကြောင့် အဆင့်ငါးမှာ ရပ်တည်နေပြီး အဝေးကွင်း လေးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားပါတယ်။ ဆယ်နှစ်အတွင်း ဗီရိုနာအိမ်ကွင်း ငါးကြိမ်တွေ့ဆုံမှုမှာ အိမ်ရှင်က လေးပွဲနိုင်ပြီး၊ တစ်ပွဲသရေကျထားပါတယ်။လက်ရှိလာဇီယိုက တည်ငြိမ်မှု ပိုအားကောင်းပေမယ့် အိမ်ရှင်အသင်းကလည်း ဂိုးပြန်သွင်းစွမ်းရည်ရှိတာကြောင့် ဒီပွဲဟာ ပရိသတ်အကြိုက် ကြည့်ကောင်းမယ့်ပွဲဖြစ်ပြီး အပြန်အလှန် ဂိုးသွင်းနိုင်ကာ ဂိုးများမယ့်ပွဲ ဖြစ်ပါတယ်။

### အောက်တိုဘာ ၂၈/၂၉ ဂိုးရလဒ်များ

| | | |
|---|---|---|
| ဘုန်းမောက် | ၂-၁ | ဝက်စ်ဘရွန်း |
| MK ဒွန်း | ၁-၂ | ရှက်ဖီးယူနိုက်တက် |
| ရှာရော်စ်ဘူရီ | ၁-၂ | ချယ်လ်ဆီး |
| ဖူလ်ဟမ် | ၂-၅ | ဒါဘီကောင်တီ |
| လီဗာပူး | ၂-၁ | ဆွမ်ဆီး |
| အီဗီယန် | ၁-၂ | လော်ရီယန့် |
| ရိမ်းစ် | ၂-၃ | အားလက်စ် |
| မောင့်ပယ်လီယာ | ၀-၁ | အဂျာစီယို |
| ကိန်း | ၄-၃ | စီလာမောင့် |
| နန့်တက်စ် | ၄-၀ | လာဗယ် |
| လန်းစ် | ၀-၂ | ခရီတေးလ် |
| ဘတ်စ်တီယာ | ၃-၁ | ဘော်ဒိုး |
| တူးလော့စ် | ၁-၃ | ဘော်ဒိုး |
| ဘီလီဖီးလ် | ၄-၂ | ဟာသာဘာလင် |
| ချမ်နစ်ဇ် | ၀-၂ | ဝါဒါဘရီမင် |
| အေလန်း | ၂-၀ | ဟန်နိုဗာ |
| အော့ဖန်ဘက်ချ် | ၁-၀ | ကာစရူဟီ |
| ဒိုင်နမိုဒရက်စ်ဒန် | ၂-၁ | ဘိုချမ် |
| ဂျူးစ်ဘတ် | ၁-၄ | ကိုလုံး |
| ကိုင်ဇာဆလပ်တန် | ၂-၀ | ဂရူသာဖတ် |
| စိန့်ပေါ်လီ | ၀-၃ | ဒေါ့မွန် |
| ဆက်ဆူအိုလို | ၃-၁ | အမ်ပိုလီ |

## ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်တို့ဆုံပြီ

မိုးမြင့်လင်းလက်

ဂျာမနီမြေက ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၀)ကို နိုဝင်ဘာ ၁ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်တို့ ထိပ်တိုက်တွေ့ဆုံမှုက စိတ်ဝင်စားစရာကောင်းနေသလို တန်းစီဇယားရပ်တည်မှု အနေအထား ပြောင်းလဲနိုင်မလားကြည့်ရမှာက ရင်ခုန်စရာ ကောင်းနေပါတယ်။

**ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုငါးပွဲမှာ တစ်လှည့်စီအနိုင်ယူထားတဲ့အတွက် အခုပွဲအိမ်ကွင်းမှာ ကစားရမယ့်ဘိုင်ယန်မြူးနစ်ဟာ ပြတ်သားတဲ့ရလဒ်ကိုပုံဖော်ဖို့ ဖိအားပေးကစားပါလိမ့်မယ်။ ဘွန်ဒက်စ်လီဂါမှာ ခြေစွမ်းမတည်ငြိမ်ဘဲ ရလဒ်တွေဆိုးရွားနေတဲ့ ဒေါ့မွန်ဟာ ကစားအားကောင်းပေမယ့် ရလဒ်ကောင်းထွက်ပေါ်ဖို့ မလွယ်ပါဘူး။

**မိန့်ဇ်နှင့် ဝါဒါဘရီမင်**

ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ရှုံးပွဲမရှိသေးတဲ့ မိန့်ဇ်ဟာ အခုပွဲအိမ်ကွင်းရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းနိုင်မလားကြည့်ရမှာပါ။ မိန့်ဇ်တိုက်စစ်မှူးတွေဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်ပြီး ဂိုးသွင်းအားလည်းကောင်းနေပါတယ်။ ခံစစ်ပိုင်းလည်းအမှားအယွင်းမရှိတာမို့ ဝါဒါဘရီမင်တို့ ထင်တိုင်းမပေါက်နိုင်ပါဘူး။

**ဟန်နိုဗာနှင့် ဖရန့်ဖတ်**

ဟန်နိုဗာဟာ ဖရန့်ဖတ်နဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် ရှုံးပွဲတစ်ပွဲပဲရှိခဲ့တာမို့ ဟန်နိုဗာတို့အတွက် စိတ်ဓာတ်အသာစီးနဲ့ ကစားပါလိမ့်မယ်။ ဒါပေမယ့် ဟန်နိုဗာတိုက်စစ်မှူးတွေက စွမ်းရည်ကျဆင်းနေတာမို့ အိမ်ကွင်းဆိုပေမယ့် ဖရန့်ဖတ်ကိုခက်ခဲစွာ ကျော်ဖြတ်ရပါလိမ့်မယ်။ ဒါပေမယ့် ဖရန့်ဖတ်တို့ရဲ့ ခံစစ်ပိုင်းအားနည်းမှုက အိမ်ရှင်အတွက် အမှတ်ပြည့်ရယူဖို့ ကြိုးစားအားကောင်းစေမှာ ဖြစ်ပါတယ်။

**စတုဂတ်နှင့် ဝုဖ်ဘတ်**

အိမ်ကွင်းမှာလည်း ရှုံးပွဲတွေကြုံတွေ့နေရတဲ့ စတုဂတ်ဟာ နောက်တန်းခံစစ်ကြောင်း ကျိုးပေါက်နေတာမို့ ပြင်ဆင်မှုမပြုလုပ်ရင်တော့ ဝုဖ်ဘတ်တိုက်စစ်မှူးတွေကို ဟန့်တားထိန်းချုပ်ရခက်ခဲပါလိမ့်မယ်။ အခုပွဲမှာ ဝုဖ်ဘတ်တို့ အနိမ့်ဆုံးတစ်မှတ်တော့ ရအောင်ယူပါလိမ့်မယ်။

**ဟမ်းဘတ်နှင့် လေဗာကူဆင်**

ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ အိမ်ကွင်းနိုင်ပွဲမရသေးတဲ့ ဟမ်းဘတ်ဟာ အခုပွဲမှာလည်း အဲဒီမှတ်တမ်းကိုချေဖျက်နိုင်ဖို့မလွယ်သေးပါဘူး။ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်မထက်မြက်မှုက လေဗာကူဆင်ကိုအမှတ်ပြည့်ရယူနိုင်စေမယ့် အခြေအနေကို ဖန်တီးပေးပါလိမ့်မယ်။

**ရှော်လ်ကေးနှင့် အော့စ်ဘတ်**

ရှော်လ်ကေးတို့ လူစုံထုတ်ပြီး ဖိဖိစီးစီးကစားရင် အော့စ်ဘတ်တို့ အနိုင်ဆိုတာ လက်တွေ့အကောင်အထည်ဖော်လာဖို့မလွယ်ပါဘူး။ ဒါပေမယ့် ခံစစ်ပိုင်းပြုပြင်မှ ရှော်လ်ကေးတို့ ဆန္ဒပြည့်ဝနိုင်ပါလိမ့်မယ်။ ။


## ချယ်လ်ဆီးနှင့် လီဗာပူးကွာတားတက်

ကက်ပီတယ်ဝမ်းဖလားအဖြစ် ရှာရော်စ်ဘူရီနှင့် ချယ်လ်ဆီးတို့ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ကွာတားဖိုင်နယ်သို့တက်ရောက်သွားသည်။ ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးဒရော့ဘာက ပွဲချိန် ၄၈ မိနစ်တွင် သွင်းယူခဲ့သည်။

ယင်းဂိုးကို မာဂန်က ပွဲချိန် ၇၇ မိနစ်တွင် ပြန်လည်ချေပခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ရှာရော်စ်ဘူရီကွင်းတွင် အကြိတ်အနယ်ကြိုးစားခဲ့ရသည်။ ချယ်လ်ဆီးအတွက် အနိုင်ဂိုးကို ဂရန်ဒီဆင်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိပြီး ဂိုးရခဲ့ခြင်းဖြစ်သည်။ အခြားပွဲအဖြစ် လီဗာပူးနှင့်ဆွမ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ကွာတားတက်ခဲ့သည်။ ဆွမ်ဆီးက ဦးဆောင်ဂိုးသွင်းခဲ့သော်လည်း ဘာလော့တယ်လီနှင့်လော်ဗရင်တို့က ပွဲပြီးရန် ငါးမိနစ်အလို ဆက်တိုက်ဂိုးများသွင်းခဲ့၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။



ကောင်းမြတ်သူ



ကြော်ငြာ

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်အစီအစဉ်အသိပေးကြေညာခြင်း

၁။ နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် လျှောက်လွှာများလက်ခံခဲ့ရာ ဘွဲ့ကြိုတန်းအတွက် ကျား(၂၃၆)ဦး၊ မ (၄၂၂)ဦး စုစုပေါင်း (၆၅၈)ဦး၊ မဟာတန်းအတွက် ကျား(၃၂၀)ဦး၊ မ (၁၅၂၈)ဦး စုစုပေါင်း (၁၈၄၈)ဦး၊ ပါရဂူတန်းအတွက် ကျား(၃၁၀)ဦး၊ မ (၂၀၆၆)ဦး စုစုပေါင်း(၂၃၇၆)ဦး လျှောက်ထားခဲ့သဖြင့် လျှောက်ထားသူဦးရေ စုစုပေါင်း ကျား (၈၆၆)ဦး၊ မ (၄၀၁၆)ဦး စုစုပေါင်း(၄၈၈၂)ဦး ဖြစ်ပါသည်။

၂။ လျှောက်ထားသူအားလုံးသည် လျှောက်ထားစဉ်က ဖော်ပြထားသော ဆက်သွယ်ရန်လိပ်စာကို အခြေခံ၍ အောက်ဖော်ပြပါမြို့ကြီးများ၌ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်မှ ၁၂ ရက်အတွင်း နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်-

| စဉ် | စာစစ်ဌာန | ဆက်သွယ်ရန်လိပ်စာပါ တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|
| ၁။ | ရန်ကုန် | ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် |
| ၂။ | မန္တလေး | နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ် |
| ၃။ | မကွေး | မကွေးတိုင်းဒေသကြီး |
| ၄။ | မုံရွာ | စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ် |
| ၅။ | တောင်ကြီး | ရှမ်းပြည်နယ်၊ ကယားပြည်နယ် |
| ၆။ | မော်လမြိုင် | မွန်ပြည်နယ်၊ ကရင်ပြည်နယ် |

**မှတ်ချက်။** သတ်မှတ်ထားသော စာစစ်ဌာနများတွင် ဖြေဆိုရန်အခက်အခဲရှိပါက အမည်၊ အဖအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ်၊ မူလစာစစ်ဌာန၊ ပြောင်းလဲဖြေဆိုလိုသော စာစစ်ဌာနတို့ကို ဖော်ပြလျက် **eiei.mon @ mm.britishcouncil.org** သို့ ၇-၁၁-၂၀၁၄ ရက်နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းကြားနိုင်သည်။

၃။ အဆိုပါ အရည်အချင်းစစ်စာမေးပွဲအတွက် ဗြိတိသျှကောင်စီ၏ Global English Assessment Tool တစ်ခုဖြစ်သော ကွန်ပျူတာအသုံးပြု၍ ဖြေဆိုရသည့် Aptis Test ကို အသုံးပြုစစ်ဆေးမည်ဖြစ်ပါသည်။

၄။ Aptis Test တွင် အပိုင်း(၅)ပိုင်းပါဝင်ပြီး ဖြေဆိုရန်ကြာမြင့်မည့်အချိန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**Computer-based Aptis Test**

| Component | Duration |
|---|---|
| Grammar and Vocabulary | 25 minutes |
| Reading | 30 minutes |
| Listening | 50 minutes |
| Writing | 50 minutes (Extra: 30 minutes) |
| Speaking | 12 minutes |

**မှတ်ချက်။** Aptis Test နမူနာနှင့် အသေးစိတ်အချက်အလက်များကို **www.britishcouncil.org/Aptis** တွင် လေ့လာနိုင်ပါသည်။

၅။ အဆိုပါ Aptis Test မေးခွန်းနမူနာနှင့် ဖြေဆိုနည်းလမ်းညွှန် (Aptis Test Familiarization) ကို MRTV, MRTV-4 နှင့် Sky Net ရုပ်မြင်သံကြားတို့မှလည်းကောင်း၊ နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများတွင်လည်းကောင်း ထုတ်လွှင့်ဖော်ပြပေးမည်ဖြစ်ပြီး ထုတ်လွှင့်ဖော်ပြမည့်နေ့ရက်များကို ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၆။ Aptis Test ဖြေဆိုမည့်နေ့တွင် စတင်ဖြေဆိုမည့် သတ်မှတ်ချိန်မတိုင်မီ (၁)နာရီကြိုတင်ပြီး ကွန်ပျူတာအသုံးပြု၍ ဖြေဆိုနည်းကို ထပ်မံလမ်းညွှန်ပို့ချပေးမည်ဖြစ်ပါသည်။

၇။ ဖြေဆိုမည့်သူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ စာဖြေဌာန၊ ဖြေဆိုရမည့်ရက်စွဲနှင့် အချိန်တို့ကို ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများတွင် ဆက်လက်ကြေညာပေးမည်ဖြစ်ပါသည်။

၈။ နယ်ခရီးစရိတ်ရှိက တင်ပြတောင်းခံနိုင်ပါသည်။

၉။ Aptis Test ဖြေဆိုသူများအနက်မှ သတ်မှတ်အရည်အချင်းပြည့်မီသူများကို စိတ်စွမ်းရည်စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်ရွေးချယ်ကာ နိုင်ငံခြားတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားစဉ်ကာလအတွင်း အရည်အချင်းမြှင့်သင်တန်းများ ပို့ချမည်ဖြစ်ပါသည်။

၁၀။ ထပ်မံလိုအပ်သော အသိပေးကြေညာချက်များကို ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများတွင် ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

# လျှပ်စစ်ဥပဒေပြဋ္ဌာန်း

***ယမန်နေ့မှအဆက်***

(ပ) လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ အသုံးပြုခြင်းတို့တွင် သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီခြင်း ရှိ မရှိစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့အကြံပြုတင်ပြခြင်း၊

(ဖ) ကော်မရှင်၏လုပ်ငန်းအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အနည်းဆုံးခြောက်လတစ်ကြိမ်တင်ပြခြင်း၊

(ဗ) ပြည်ထောင်စုအစိုးရအဖွဲ့ကပေးအပ်သော လျှပ်စစ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း၊

(ဘ) ကော်မရှင်သည် လုပ်ငန်းများဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များကို ခံစားခွင့်ရှိသည်။

**အခန်း(၄)**

**ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူများနှင့်ယင်းတို့၏တာဝန်များ**

၇။ အောက်ဖော်ပြပါအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအား ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူများအဖြစ်သတ်မှတ်သည်-

(က) ဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာန၊

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊

(ဂ) သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ။

၈။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်-

(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းနှင့် ဖလှယ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က) ပါလျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူများအားခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းတို့ကိုတည်ဆဲဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်သည်။

(ဂ) ပြည်ထောင်စုကစီမံခန့်ခွဲခွင့်ရှိသည့်အကြီးစားလျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကိုဖွဲ့စည်းနိုင်သည်။

(ဃ) ပုဒ်မခွဲ(ဂ)အရ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကိုဖွဲ့စည်းရာတွင်-

(၁) သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ နိုင်ငံတော်ကမတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနကပိုင်ဆိုင်သောငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဆက်ခံစေရမည်။

(၂) ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ယင်းလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက သီးခြားလွတ်လပ်စွာစီမံခွင့်ရှိစေရန် ဆောင်ရွက်ပေးရမည်။

(င) ပုဒ်မခွဲ(ဂ)အရဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရန်အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် သင့်လျော်သည့်အချိန်တွင် တည်ထောင်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၉။ (က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် မိမိဒေသအတွင်း ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းတို့ကို ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိမြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ပိုင်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ပုဒ်မခွဲ (က) သို့မဟုတ်(ခ)တို့ အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာလုပ်ငန်းများနှင့်ဆက်စပ်ပါက ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၀။ ဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင်-

(က) အသုံးပြုရန်လိုအပ်သောမြေပမာဏကို တည်ဆဲဥပဒေများနှင့်အညီ ရယူအသုံးပြုခွင့်ရှိသည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့်အညီ ပတ်ဝန်းကျင်နှင့်လူမှုစီးပွားဝန်းကျင်သက်ရောက်မှုတို့ကို ဆန်းစစ်ခြင်း၊ ထိခိုက်မှုအနည်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ထိခိုက်မှုများအတွက် ပြန်လည်ပေးလျော်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေထည့်ဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ယင်းအချက်များကို ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများလည်း လိုက်နာစေရန်ဆောင်ရွက်ရမည်။

(ဂ) လျှပ်စစ်ဓာတ်အားစနစ်အတွင်း တည်ဆောက်အသုံးပြုနေသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများနှင့်ဆက်စပ်အဆောက်အအုံများကို တည်ဆဲဥပဒေများနှင့်အညီ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခွင့်ရှိသည်။

**အခန်း(၅)**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်**

၁၁။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၂။ ပြည်ထောင်စုကစီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်းများဖြစ်ပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူ ဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၃။ ပြည်ထောင်စုကစီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပမဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းဖြစ်ပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၄။ ခွင့်ပြုမိန့်ရရှိသူသည် မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အားရောင်းချလိုပါက ဝန်ကြီးဌာနသို့လျှောက်ထားရမည်။ ဝန်ကြီးဌာနသည် ယင်းလျှောက်ထားချက်ကို စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၅။ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့်မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၆။ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူသည် -

(က) ပုဒ်မ ၁၁ အရ လျှောက်ထားချက်များကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးရန် စိစစ်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး လျှပ်စစ်ဆိုင်ရာလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့် ရေရှည်တည်တံ့စွာဆောင်ရွက်နိုင်မှုတို့ကို အခြေခံစိစစ်ရမည်။ လုပ်ငန်းဆောင်ရွက်ရန် ငြင်းပယ်ပါက ငြင်းပယ်ကြောင်း လျှောက်ထားသူအား ပြန်ကြားရမည်။

၁၇။ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူက ခွင့်ပြုမိန့်ထုတ်ပေးရာတွင် လုပ်ကိုင်ခွင့်သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီသတ်မှတ်ရမည်။

၁၈။ ခွင့်ပြုမိန့်ရရှိသူသည် စစ်ဆေးရေးမှူးချုပ်ထံမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ရရှိမှသာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်။

၁၉။ (က) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါလုပ်ငန်းကို အခြားအဖွဲ့အစည်းများနှင့်ပူးတွဲဆောင်ရွက်ခြင်း၊ အခြားအဖွဲ့အစည်းများသို့ လုပ်ငန်းလွှဲပြောင်းခြင်း၊ ခွင့်ပြုမိန့်ပါလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်းနှင့်ပေးကမ်းခြင်းတို့ကို ပြုလုပ်လိုပါကခွင့်ပြုမိန့်ထုတ်ပေးနိုင်သူထံသတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ရရှိသည့်အခါ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည်စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၀။ ခွင့်ပြုမိန့်ရရှိသူသည်ခွင့်ပြုမိန့်ပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင်ဝန်ကြီးဌာနက ထုတ်ပြန်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၁။ (က) ခွင့်ပြုမိန့်ရရှိသူသည် ဤဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ သတ်မှတ်ထားသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပွားစေပါက ဥပဒေအရ တာဝန်ရှိစေရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မခွဲ(က)ပါ ကိစ္စရပ်များအတွက် အရေးယူရန် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာသတ်မှတ်ပြဋ္ဌာန်းရမည်။

၂၂။ (က) ခွင့်ပြုမိန့်ရရှိသူသည် မိမိ၏ပေါ့ဆစွာဆောင်ရွက်မှုကြောင့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပွားစေပါက ဥပဒေအရ တာဝန်ရှိစေရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မခွဲ(က)ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် တိကျစွာဖော်ပြသတ်မှတ်ရမည်။

၂၃။ (က) ခွင့်ပြုမိန့်ရရှိသူများ ဆောင်ရွက်နေသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်တွင်သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပါအဝင် မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုခုကြောင့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကိုထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများဖြစ်ပွားစေပါက ဥပဒေအရ တာဝန်မရှိစေရ။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်သက်ဆိုင်သည့်မလွန်ဆန်နိုင်သောဖြစ်ရပ်များကို နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် တိကျစွာ ဖော်ပြသတ်မှတ်ရမည်။

၂၄။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ တစ်ဦးဦး၏ ပေါ့ဆမှုကြောင့် အခြားသောလျှပ်စစ်ဓာတ်အားသုံးစွဲသူကိုဖြစ်စေ၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ နစ်နာပျက်စီးဆုံးရှုံးစေပါကထိခိုက်ဆုံးရှုံးသည့် တန်ဖိုးအတွက် ဝန်ကြီးဌာနကသတ်မှတ်သည့်နည်းလမ်းအတိုင်း တွက်ချက်ထားသည့် နစ်နာကြေးကို ပေးလျော်ရမည်။

၂၅။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ကိုင်ခွင့်ကာလကုန်ဆုံးချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော်လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်။

၂၆။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့်ဖြန့်ဖြူးခြင်းများတွင်-

(၁) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၌ လျှပ်စစ်ဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်လုပ်ရမည်၊

(၂) လျှပ်စစ်ဓာတ်အား တိုင်းတာရေးပစ္စည်းကိရိယာများ၊ အကာအကွယ်ပြုပစ္စည်းကိရိယာများကိုသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တပ်ဆင်ထိန်းသိမ်း အသုံးပြုရမည်။

၂၇။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လျှပ်စစ်အန္တရာယ် မတော်တဆဖြစ်ပေါ်ခဲ့လျှင် ခွင့်ပြုမိန့်ရရှိသူနှင့် လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူတို့သည် စစ်ဆေးရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာန တာဝန်ခံထံ အမြန်ဆုံးအကြောင်းကြားရမည်။

**အခန်း(၆)**

**အရည်အသွေးနှင့်စံချိန်စံညွှန်းဆိုင်ရာသတ်မှတ်ချက်များ**

၂၈။ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူများသည် ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏ အရည်အသွေးနှင့်စံချိန်စံညွှန်းဆိုင်ရာသတ်မှတ်ချက်တို့ကို လိုက်နာရမည်။

၂၉။ ဝန်ကြီးဌာနသည်စက်ရုံအလုပ်ရုံများ၊ ယင်းတို့တွင်တပ်ဆင်ထားသော စက်ပစ္စည်းကိရိယာများ၊ စီးပွားရေးဆိုင်ရာအဆောက်အအုံများ၊ ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းရောင်းချသော လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများနှင့်စပ်လျဉ်းသည့် အရည်အသွေးနှင့်စံချိန်စံညွှန်းဆိုင်ရာစစ်ဆေးခြင်းတို့ကိုဆောင်ရွက်ရမည်။

**အခန်း(၇)**

**လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများစစ်ဆေးခြင်း**

၃၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၃၁။ ဝန်ကြီးဌာနသည်လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စစ်ဆေးရေးမှူးချုပ်တစ်ဦးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးရမည်။ စစ်ဆေးရေးမှူးချုပ်သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူမဖြစ်စေရ။

၃၂။ စစ်ဆေးရေးမှူးချုပ်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏ အရည်အသွေးစစ်ဆေးခြင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများနှင့်ချုပ်ဆိုထားသော စာချုပ်များတွင်ပါရှိသည့် စည်းကမ်းများကိုခွင့်ပြုမိန့်ရရှိသူအား အသိပညာပေးခြင်းနှင့် လိုက်နာစေရန် ဆောင်ရွက်ခြင်း၊

***စာမျက်နှာ ၁၆ သို့***

ဥပဒေ

*စာမျက်နှာ ၁၅ မှ*

(ဂ) မည်သည့်ဒေသတွင်မဆို လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်းနှင့်လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန်လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူ မဟုတ်သည့် စစ်ဆေးရေးမှူးများအား တာဝန်ပေးအပ်ခြင်း၊

(ဃ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်၊ လျှပ်စစ်ပစ္စည်းအရည်အသွေး စစ်ဆေးချက်လက်မှတ်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(င) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်များကိုသတ်မှတ်ချက်များနှင့်အညီထုတ်ပေးခြင်း၊

(စ) လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လိုအပ်သောသက်သေများကို စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနနှင့် ကော်မရှင်တို့ကပေးအပ်သော စစ်ဆေးခြင်းဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၃၃။ စစ်ဆေးရေးမှူးချုပ်၊ စစ်ဆေးရေးမှူးများနှင့် ယင်းတို့က တာဝန်ပေးအပ်သူများသည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။

၃၄။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ အရည်အသွေးအတည်ပြုနိုင်ရန်လိုအပ်သော နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများကို တည်ထောင်ဖွင့်လှစ်ထားရှိရမည်။

**အခန်း (၈)**

**လျှပ်စစ်ဓာတ်အားစနစ်ဖွံ့ဖြိုးမှုစီမံရေးနှင့် ထိန်းညှိကွပ်ကဲရေး**

၃၅။ ဝန်ကြီးဌာနသည်-

(က) နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို စီမံခြင်းနှင့် ဓာတ်အားစနစ်ကွပ်ကဲခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အား ကွန်ရက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် သင့်လျော်သည့်နေရာများတွင် လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာနများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာန၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၃၆။ ဝန်ကြီးဌာနသည်-

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ခေတ်မီနည်းစနစ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန် လိုအပ်သော သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က)ပါ လုပ်ငန်းများကို အခြားမည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ဆောင်ရွက်ရန်ခွင့်ပြုနိုင်သည်။

(ဂ) လျှပ်စစ်ဓာတ်အားစနစ်ဖွံ့ဖြိုးမှုစီမံရေး ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများဆောင်ရွက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရမည်။

**အခန်း (၉)**

**လျှပ်စစ်ဆိုင်ရာစံချိန်စံညွှန်းများနှင့်စစ်ဆေးမှုနည်းစနစ်များ**

၃၇။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ရမည်။

၃၈။ လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများစစ်ဆေးချက်ရလဒ်များနှင့် စပ်လျဉ်း၍ဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

၃၉။ လျှပ်စစ်ဓာတ်အားစနစ်အတွင်းသို့ ဆက်သွယ်မည့် အခြားဌာန၊ အဖွဲ့အစည်းများ၏ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများသည် ဝန်ကြီးဌာန၏ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

၄၀။ ခွင့်ပြုမိန့်ရရှိသူများသည် ဝန်ကြီးဌာနကထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏လိုအပ်သောစစ်ဆေးမှုကို ခံယူရမည်။

**အခန်း (၁၀)**

**လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့်ဝန်ဆောင်မှုစရိတ်များ**

၄၁။ ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခွင့်ရှိသည်။ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၄၂။ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များသည် မိမိဒေသအတွင်း မိမိအစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးသော ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များနှင့်စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

**အခန်း(၁၁)**

**ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူ၏ အရေးယူပိုင်ခွင့်**

၄၃။ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်ပါ စည်းကမ်းချက် သို့မဟုတ် သက်ဆိုင်ရာကထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူကို အောက်ပါအရေးယူမှုတစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

**အခန်း(၁၂)**

**တားမြစ်ချက်များ**

၄၄။ မည်သူမျှခွင့်ပြုမိန့်မရှိဘဲ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၄၅။ ခွင့်ပြုမိန့်ရရှိသူ မည်သူမျှ ခွင့်ပြုမိန့်ပါလုပ်ငန်းမှအပ အခြားမည်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၄၆။ မည်သူမျှလျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။

၄၇။ မည်သူမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဆက်သွယ်အသုံးပြုခြင်း မပြုရ။

၄၈။ မည်သူမျှသတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၄၉။ ခွင့်ပြုမိန့်ရရှိသူမည်သူမျှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သည့်အဖွဲ့အစည်းနှင့်မဆို လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်းမပြုရ။

၅၀။ ခွင့်ပြုမိန့်ရရှိသူမည်သူမျှ ခွင့်ပြုမိန့်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ လုပ်ငန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၅၁။ မည်သူမျှ လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေအတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ။

၅၂။ ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြုန်းတီးခြင်း၊ အသုံးပြုခြင်းမပြုရ။

၅၃။ မည်သူမျှ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့် လိုင်းကိုဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ။

**အခန်း (၁၃)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၅၄။ မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၅။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကိုထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၆။ မည်သူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၅၇။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်သိန်းသုံးဆယ်အောက် မလျော့သည့် ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သော ပစ္စည်းများကို ဖျက်ဆီးရမည်။

၅၉။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်း ပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၆၀။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကိုထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၆၃။ မည်သူမဆိုပုဒ်မ၅၃ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၆၄။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန်ပူးပေါင်းကြံစည်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုပါ ပြစ်ဒဏ်အတိုင်းချမှတ်ရမည်။

**အခန်း(၁၄)**

**နစ်နာကြေး၊လျော်ကြေး**

၆၅။ ပုဒ်မ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂ နှင့် ၆၃ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် မိမိ၏ကျူးလွန်မှုကြောင့် ခွင့်ပြုမိန့်ရရှိသူတွင် ထိခိုက်ဆုံးရှုံးမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းထိခိုက်ဆုံးရှုံးသည့်တန်ဖိုးအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းအတိုင်း တွက်ချက်ထားသည့်နစ်နာကြေးကို ပေးလျော်ရမည်။

၆၆။ ပုဒ်မ ၆၅ အရ သတ်မှတ်သည့် နစ်နာကြေးကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံခွင့်ရှိစေရမည်။

၆၇။ မည်သူမဆို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုကို ပြတ်တောက်စေရန် ပြုလုပ်ပါက နစ်နာဆုံးရှုံးသည့် ဓာတ်အားပမာဏနှင့် ညီမျှသော တန်ဖိုးကို ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းအတိုင်း တွက်ချက်၍ နစ်နာကြေးအဖြစ် ပေးဆောင်စေရမည်။

၆၈။ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသူ၏ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်စေ ဓာတ်လိုက်မှု၊ မီးလောင်မှုဖြစ်ပွားပြီး တစ်ဦးတစ်ယောက်ထိခိုက်ဒဏ်ရာရလျှင် သို့မဟုတ် မသန်မစွမ်းဖြစ်လျှင် သို့မဟုတ် သေဆုံးလျှင် ထိခိုက်နစ်နာသူသည် ခွင့်ပြုမိန့်ရရှိသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည်-

(က) ထိခိုက်နစ်နာသူသည် တည်ဆဲအလုပ်သမား လျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသောလျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် တည်ဆဲအလုပ်သမား လျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများက သတ်မှတ်သောလျော်ကြေး။

**အခန်း (၁၅)**

**အယူခံခြင်း**

၆၉။ ပုဒ်မ ၆၅၊ ၆၆ နှင့် ၆၇ တို့အရ ချမှတ်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးဆောင်ရန်အမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည်အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၇၀။ ပုဒ်မ ၆၉ အရ အယူခံမှုတွင် ဝန်ကြီးသည် အမိန့်ကိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ပြုနိုင်သည်။

**အခန်း (၁၆)**

**အထွေထွေ**

၇၁။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ကော်မရှင်နှင့်ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အစိုးရဌာန၊အစိုးရအဖွဲ့အစည်းအသီးသီးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၃။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥပဒေနှင့် လျှပ်စစ်ဥပဒေ (၁၉၈၄ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၇) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၇၄။ လျှပ်စစ်ဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ထိုင်းနိုင်ငံ စမွတ်ပကန်ခရိုင်၌ မြန်မာအလုပ်သမားများအတွက် သင်တန်းပို့ချ

**ဗန်ကောက် အောက်တိုဘာ ၂၉**

ထိုင်းနိုင်ငံတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း FED မှ ထိုင်းရှေ့နေများနှင့် သင်တန်းဆရာများက မြို့တော်ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT နှင့် မြန်မာအလုပ်သမားအချို့အား လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးနှင့် လူမှုစီးပွားရေးရာသင်တန်းများကို စမွတ်ပကန်ခရိုင်၌ အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် လာရောက်ပို့ချခဲ့ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့(MyanmarAssociation in Thailand)မှ ပြန်ကြားရေးတာဝန်ခံ ကိုစောမောင်၏ ဆက်သွယ်ပြောပြချက်အရ သိရသည်။

အဆိုပါသင်တန်းအတွင်း ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများအတွက် သိသင့်သိထိုက်သည့် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ လူမှုစီးပွားရေး အမျိုးသမီးအခွင့်အရေးနှင့် ကလေးအခွင့်ရေးဆိုင်ရာ သင်တန်းများကို သင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံတောင်ပိုင်းအခြေစိုက်ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED မှ ထိုင်းနိုင်ငံအတွင်း ခရိုင်အလိုက် လှည့်လည်ပို့ချပေးနေသည်မှာ ယခုသင်တန်းပို့ချပြီးစီးသည့် စမွတ်ပကန်ခရိုင်အပါအဝင် သင်တန်းပို့ချကြိမ်ပေါင်း ရှစ်ကြိမ်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

စမွတ်ပကန်ခရိုင်၌ ယခုသင်ကြားပို့ချလိုက်သောသင်တန်းသို့ FEDမှ ရှေ့နေများနှင့် ကျွမ်းကျင်သည့် သင်တန်းနည်းပြများ လာရောက်ပို့ချခဲ့ခြင်းကြောင့် မဟာချိုင်မြို့မှ လာတက်သူတစ်ဦးဖြစ်သော မြန်မာအလုပ်သမား ကိုလင်းနိုင်ထွန်းက "ထိုင်းနိုင်ငံမှာ ကျွန်တော်တို့အလုပ်သမားတွေအတွက် သက်ဆိုင်တဲ့ ဥပဒေအကြောင်းတွေကို ယခင်က တော်တော်များများ ကျွန်တော်မသိခဲ့တာအများကြီးပါ၊ ဥပမာ BE-၂၅၃၃ (လူမှုဖူလုံရေးဥပဒေ)၊ BE-၂၅၃၇(လျော်ကြေးဥပဒေ)စသဖြင့်ပေါ့၊ အခုဆိုရင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေအတွက် ထိုင်းအစိုးရက ပြဋ္ဌာန်းထားပေးတဲ့ ဥပဒေခုနစ်မျိုးစလုံးကို သိရှိနားလည်လာခဲ့ရပါတယ်။ ဒီဥပဒေဟာ ကျွန်တော်တို့ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတွေအနေနဲ့ သိသင့်သိထိုက်တဲ့ ဥပဒေအကြောင်းရာတွေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အလုပ်သမားတွေရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ကျွန်တော်တို့ အလုပ်သမားတွေကိုယ်တိုင် မသိရှိဘူးဆိုရင် ထိုင်းနိုင်ငံသားအလုပ်ရှင်သူဌေးတွေရဲ့ အမျိုးမျိုးဖိနှိပ်ချုပ်ချယ်နေတာတွေကို ခံစားကြရမှာပါ။ ဒါကြောင့် အခုလိုသင်တန်းပို့ချပေးတဲ့ FEDမှ ဆရာ ဆရာမများကို အထူးကျေးဇူးတင်ရှိပြီးနောက်များလည်း အခုလိုသင်တန်းမျိုးကိုဖွင့်လှစ်စေချင်ပါတယ်"ဟု MAT အဖွဲ့သို့ ပြောခဲ့သည်။



အဆိုပါ သင်တန်းသို့ တက်ရောက်ခဲ့သော မြန်မာ့ဂုဏ်ဆောင် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းဆရာတစ်ဦးဖြစ်ပြီး အလုပ်သမားရေးရာကိစ္စများကို ဆောင်ရွက်နေသူ ကိုစောမောင်အားဆက်သွယ်မေးမြန်းရာက "ဒီသင်တန်းကိုတက်ရောက်ရတဲ့အတွက် ကျွန်တော်တို့လို အလုပ်သမားရေးရာဆောင်ရွက်နေသူတွေအတွက်မသိတာတွေသိခွင့်ရရှိခဲ့ပါတယ်၊ ဒါကြောင့် မြန်မာအလုပ်သမားများအရေး လက်တွေ့လုပ်ဆောင်တဲ့နေရာမှာ အထောက်ကူများစွာရရှိစေမှာပါ၊ အထူးသဖြင့် ကျွန်တော်တို့ရဲ့ မြန်မာအလုပ်သမားတွေနဲ့ ပတ်သက်တဲ့အလုပ်သမားဥပဒေအကြောင်းနဲ့ ပကန်စခွန်လို့ခေါ်တဲ့ လူမှုဖူလုံရေးအကြောင်းတွေကို အသေးစိတ်သိရတဲ့အတွက် တခြားမသိသေးတဲ့ ဘဝတူအလုပ်သမားတွေကိုလည်း လက်ဆင့်ကမ်း ပြန်ရှင်းပြနိုင်ပြီပေါ့ဗျာ၊ နောက်ပြီး ထိုင်းရှေ့နေတွေကိုယ်တိုင်က အလုပ်သမားဥပဒေအကြောင်းအရာတွေအပေါ် စိတ်ရှည်လက်ရှည်နဲ့ သင်ကြားပို့ချပေးတဲ့အတွက်လည်း ဥပဒေနဲ့ပတ်သက်ပြီး အတော်ကိုသိခဲ့ရပါတယ်"ဟု ဖြေကြားခဲ့သည်။

အဆိုပါသင်တန်းသည် အသွင်ကူးပြောင်းခါစ မြန်မာနိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ လက်တွေ့အသုံးဝင်ကြောင်း သင်တန်းသား မြန်မာအလုပ်သမားများက သုံးသပ်ပြောဆိုခဲ့ကြပြီး သင်တန်း၌ မြန်မာအလုပ်သမား စုစုပေါင်း သင်တန်းသား ၂၀ကျော် တက်ရောက်သင်ကြားခဲ့သည်ဟု ထိုင်းနိုင်ငံရောက်မြန်မာ နိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ထုတ်ပြန်ချက်အရ သိရသည်။

**တင်လှမောင်**

# မြန်မာနိုင်ငံ၏ အရပ်အရှည်ဆုံးလူသား ကိုဝင်းဇော်ဦးအား ထောက်ပံ့မှုများပြုလုပ်



**နတ်မောက် အောက်တိုဘာ ၂၉**

နတ်မောက်မြို့နယ် ထုံးပေါက်ချိုင်းကျေးရွာတွင်နေထိုင်သည့် မြန်မာနိုင်ငံ၏ အရပ်အမြင့်ဆုံးလူသား ကိုဝင်းဇော်ဦးအား စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရသည်ဟု နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြလာသည့်အတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီခန့်က ထောက်ပံ့ပစ္စည်းများ ကူညီပံ့ပိုးခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က ငွေသားက တစ်သိန်းနှစ်သောင်းခုနစ်ထောင်ကျပ်၊ ဆန်တစ်အိတ်နဲ့ စားဆီ ငါးပိဿာထောက်ပံ့ခဲ့ပါတယ်။ တတ်နိုင်သလောက်ကြိုးစားပြီး ထောက်ပံ့ခဲ့တာပါ။ ကြားရသလောက်တော့ မဆိုးပါဘူး။ သူ့ဒေသနဲ့သူ အထိုက်အလျောက်တော့ နေသာထိုင်သာရှိနေတဲ့ပုံပါပဲ။သူကလည်းပြောပါတယ်။ ရန်ကုန်က ဒေါက်တာခင်မောင်ဝင်းတို့အဖွဲ့က ဆေးကုပြီး ပြန်လာခဲ့စဉ်ကတည်းကနေ အခုအထိ ထောက်ပံ့ပေးနေတာ ငွေကျပ် ၁၇ သိန်းရှိသွားပြီလို့ ဆိုပါတယ်"ဟု နတ်မောက်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်က ရှင်းပြသည်။

ကိုဝင်းဇော်ဦးကို ရန်ကုန်မြို့မှ အသည်းအထူးကု သမားတော်ကြီး ဒေါက်တာ ခင်မောင်ဝင်း၏ ဦးဆောင်ကူညီမှုများဖြင့် စင်ကာပူနိုင်ငံတွင် သွားရောက်ကာ လိုအပ်သောဆေးကုသမှုများကို ခံယူခဲ့ကြောင်း၊ ကိုဝင်းဇော်ဦး၏နောင်ရေးကို မျှော်တွေးကာ ငွေကြေးထောက်ပံ့မှုများကို အခါအားလျော်စွာပေးခဲ့သည်ဟုလည်း ကိုဝင်းဇော်ဦးကို ကူညီမှုများပေးခဲ့ကြသည့် လူမှုကူညီသူအချို့က ဆိုကြသည်။

ကိုဝင်းဇော်ဦးအနေဖြင့် သာမန်လူများထက် ထူးခြားစွာအရပ်မြင့်နေသည့်အတွက် သူ့ကိုတွေ့ဖူးကြသူများအနေဖြင့် ထိုစဉ်ကလူထူးလူဆန်းတစ်ဦးကဲ့သို့သာ ကြည့်ရှုနေကြပြီး ထူးဆန်းသောရောဂါတစ်မျိုး ဖြစ်နေသည်ကို အနီးရှိလူများက သတိမပြုမိကြကြောင်း၊ အရပ် ၇ ပေ ၁ လက်မရှိသူ ကိုဝင်းဇော်ဦးတွင် အခရိုမက်ခလီဟုခေါ်သည့် ခြေဖျားလက်ဖျားကြီးသည့် လက္ခဏာကိုတွေ့ခဲ့ရကြောင်း၊ နားလည်အောင်ပြောပြရလျှင် ဦးနှောက်အောက်နားက ပီကျူထရီဂလင်းကြီးထွားလာသည့်အခါ ခန္ဓာကိုယ်ကိုကြီးထွားလာစေသည့် ရှိုသ်ဟော်မုန်းများကို ပုံမှန်ထက်အဆမတန် ထုတ်လွှတ်ပေးနေ၍ ဖြစ်သည့်ရောဂါမျိုးဖြစ်ကြောင်း ကိုဝင်းဇော်ဦးအား ငွေကုန်ကြေးကျခံကာ ကုသိုလ်ပြုကုသပေးခဲ့သူ ဒေါက်တာခင်မောင်ဝင်းက ရှင်းပြခဲ့သည်။

"သူ့အမေကလည်းဆုံးတာ မကြာသေးဘူး။ သားသမီးလေးယောက်ထဲမှာ သူကအကြီးဆုံးလို့ ပြောတယ်။ ရွာမှာနေတာဆိုတော့ အခက်အခဲအချို့တော့ရှိမှာပေါ့။ ကူညီကြတာကောင်းပါတယ်" ဟု လှူဒါန်းရာတွင် လိုက်ပါခဲ့သူ ဦးစီးအရာရှိတစ်ဦးက ဆိုသည်။

ကိုဝင်းဇော်ဦးကို ထောက်ပံ့ပေးအပ်ရာတွင် နတ်မောက်မြို့ စိတ်ဓာတ်ဖြူစင်ကရုဏာရှင် လူမှုကူညီရေးအသင်းကလည်း ပါဝင်ကူညီခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် စေတနာရှင်ပြည်သူအချို့ကလည်း ထည့်ဝင်လှူဒါန်းကြကြောင်း သိရသည်။

**လှဝင်း**


## နည်းပညာတက္ကသိုလ်(မကွေး)

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(မကွေး)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး)အတွက် အသုံးပြုမည့်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | စားပွဲရှိုးရိုး(၄'×၃'×၂.၅') | ၁၀ လုံး | |
| ၂။ | အရာရှိစားပွဲ(၅'×၃'×၂.၅') | ၁ လုံး | |
| ၃။ | ကုလားထိုင်(လက်တန်းပါ) | ၅ လုံး | |
| ၄။ | ကုလားထိုင်(လက်တန်းမပါ) | ၂၀ လုံး | |
| ၅။ | သစ်သားဗီရို(ကျွန်း) (၆'×၃'×၁'၆") | ၈ လုံး | |
| ၆။ | ဗီရို(Leeco CB 03) (၃'×၁'×၆') | ၁ လုံး | |
| ၇။ | ဆက်တီ(ကျွန်း) | ၁ စုံ | |
| ၈။ | ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ) | ၃၀ လုံး | |
| ၉။ | ဖိုင်တင်စင်(၃'×၁'×၃') | ၄ ခု | |
| ၁၀။ | စားပွဲ(အစည်းအဝေး) (၆'×၃') | ၂ လုံး | |
| ၁၁။ | မီးခံသေတ္တာ(၂' ပတ်လည်) | ၁ လုံး | |
| ၁၂။ | Computer Table | ၄ လုံး | |

၂။ **တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက်** - ၃၀-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့)
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့) ၁၆း၃၀နာရီ
၄။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၇-၁၁-၂၀၁၄ ရက် (သောကြာနေ့) ၁၄း၀၀နာရီ
၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - စီမံဌာန၊ နည်းပညာတက္ကသိုလ်(မကွေး)

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(မကွေး)**
**ဖုန်း-၀၆၃-၂၈၃၀၉၊ ၀၉-၅၃၄၂၈၆၁**

## အိတ်ဖွင့်ဈေးနှုန်းလွှာတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ စားသောက်ဆိုင်ခန်းများ၊ ဓာတ်ပုံဆိုင်၊ စာအုပ်ဆိုင်၊ အမှတ်တရပစ္စည်းနှင့် ကုန်စုံဆိုင်၊ ကော်ဖီနှင့်အအေးဆိုင်တို့အား ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်(တင်ဒါ)များ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ငွေစာရင်းဌာနတွင် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) ၁၀း၀၀နာရီမှ ၂၆-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ၁၄း၀၀နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါပိတ်ရက်မှာ ၂၇-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၃း၀၀နာရီတိတိဖြစ်ပါသည်။
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းနေရာချထားရေးနှင့်ကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**
**ဖုန်း-၆၁၃၇၈၈၊ ၀၉-၇၃၂၄၅၀၈၈၊ ၀၉-၃၁၈၆၉၅၀၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တိုးချဲ့ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများအနေဖြင့် မြန်မာငွေကျပ်ဖြင့် တည်ဆောက်လိုပါက အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာနှင့် တင်ဒါစည်းကမ်းများကို ၃၀-၁၀-၂၀၁၄ ရက်မှ ၇-၁၁-၂၀၁၄ ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၃၀-၁၁-၂၀၁၄ ရက် ညနေ ၁၆း၃၀ နာရီ ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ဖုန်း-၀၆၃-၂၈၃၁၇(လိုင်းခွဲ-၁၀၇)**

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## ဖိုင်ဘာဆက်ကြောင်းများတွင် DWDM စက်ပစ္စည်းများနှင့် 10 G Router များအား Capacity တိုးချဲ့ခြင်းအတွက် Turnkey စနစ်ဖြင့်ဆောင်ရွက်ပေးရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်းမှ အောက်ဖော်ပြပါလုပ်ငန်းများအား အသင့်အသုံးပြုနိုင်သည့် Turnkey စနစ်ဖြင့် ဆောင်ရွက်ပေးရန် စိတ်ပါဝင်စားသော လုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
- ရန်ကုန်-ပြည်-နေပြည်တော်၊ မန္တလေး-မကွေး-နေပြည်တော်နှင့် မန္တလေး-မိတ္ထီလာ-နေပြည်တော် ဖိုင်ဘာကေဘယ်လမ်းကြောင်းများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော DWDM စက်ပစ္စည်းများအား(10G×3λ) Capacity တိုးချဲ့ခြင်းလုပ်ငန်း။
- ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များတွင် တပ်ဆင်ထားသော 10G Router များအား Capacity တိုးချဲ့ခြင်းလုပ်ငန်း။

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၁၀-၁၁-၂၀၁၄ရက်အထိ တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀၀ိ/-ဖြင့် ရောင်းချမည်ဖြစ်ပြီး ၂၁-၁၁-၂၀၁၄ရက်၊ ၁၆း၀၀ နာရီတိတိ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အင်ဂျင်နီယာချုပ်ရုံး**
**ရုံးချုပ်အခြေစိုက်အဝေးဆက်သွယ်ရေးစခန်း**
**အမှတ် ၁၂၅၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၇၀၇၂၇၊ Fax-၀၁-၃၇၀၄၅၄**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၅ယ/၇၁၉၆ Luojia 110 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးဝင်း ၇/ပတတ(နိုင်)၁၀၆၈၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁ယ/၈၈၇၂၃ Suzuki Viva 110/ M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၇/ပမန(နိုင်)၀၈၈၄၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

# မြန်မာ့ရိုးရာခြင်းလုံး နိုင်ငံပေါင်း ၁၁ နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာ့ရိုးရာခြင်းလုံး ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ခြင်းလုံးအားကစားသမားများက ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာ့စူပါစီးရီး ပိုက်ကျော်ခြင်းပြိုင်ပွဲအပြီး မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားလိုက်သည်။

အဆိုပါ မြန်မာ့ရိုးရာခြင်းလုံး အားကစားပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲများကို မြန်မာ၊ ကမ္ဘောဒီးယား၊ တောင်ကိုရီးယား၊ လာအို၊ စင်ကာပူ၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများမှ ခြင်းလုံးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးပြိုင်ပွဲများကိုမူ မြန်မာ၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ အမျိုးသမီးခြင်းလုံး အားကစားမယ်များက အစွမ်းပြ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မြန်မာခြင်းလုံးအားကစားသမားများက ပြီးခဲ့သော အိမ်ရှင်ဆီးဂိမ်းတွင် အမျိုးသားရော အမျိုးသမီးများပါ ရွှေတံဆိပ်ဆုအများဆုံး ဆွတ်ခူးနိုင်ခဲ့ကြသည်။ ယခုပြိုင်ပွဲသည် မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်းကို ကမ္ဘာ့အားကစားနည်းဖြစ်လာရေး ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**သတင်း - ကြဲတိုင်းအောင်**
**ဓာတ်ပုံ - သဏ္ဌ**



# ဂျပန်နိုင်ငံ ဂီဖုတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ် နားလည်မှုစာချွန်လွှာရေးထိုးမည်

**မိတ္ထီလာ အောက်တိုဘာ ၂၉**

ဂျပန်နိုင်ငံ ဂီဖုတက္ကသိုလ် ( Gifu University, Faculty of Engineering) နှင့် မိတ္ထီလာတက္ကသိုလ်အကြား ဆရာဖလှယ်ရေး၊ ကျောင်းသားဖလှယ်ရေးစသည့် အစီအစဉ်များပါဝင်သည့် နားလည်မှုစာချွန်လွှာ(MoU)ကို မကြာမီလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လာမယ့် ဒီဇင်ဘာ ၁၆ ရက်ကနေ ၂၀ ရက်အထိ ဂျပန်နိုင်ငံက ဂီဖုတက္ကသိုလ်ကိုသွားရောက်ပြီး တက္ကသိုလ်နှစ်ခုအကြား သုတေသနများ ပူးပေါင်းဆောင်ရွက်ခြင်းစတဲ့ အချက်တွေပါဝင်တဲ့ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေး သွားရောက်ဆောင်ရွက်မှာပါ။ နားလည်မှုစာချွန်လွှာရေးထိုးပြီးတာနဲ့ မိတ္ထီလာတက္ကသိုလ် သိပ္ပံဌာနများက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေနဲ့ ဂျပန်နိုင်ငံ ဂီဖုတက္ကသိုလ်ကို သွားရောက်ပညာသင်ကြားသင်ယူခြင်း အခွင့်အလမ်းတွေ ရရှိမှာဖြစ်ပါတယ်"ဟု မိတ္ထီလာတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးက ပြောသည်။

နှစ်နိုင်ငံရှိ တက္ကသိုလ်နှစ်ခုမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားသင်ယူနိုင်မည့် အခွင့်အလမ်းများပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် နားလည်မှုစာချွန်လွှာရေးထိုးခြင်းဖြစ်ကာ ဂျပန်နိုင်ငံ ဂီဖုတက္ကသိုလ်သို့ သွားရောက်ပညာသင်ကြားလိုသည့် မိတ္ထီလာတက္ကသိုလ် သိပ္ပံဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်စွာ လေ့လာတတ်မြောက်ရန် ကြိုးစားထားရန် လိုအပ်ကြောင်း ပါမောက္ခချုပ်က ပြောကြားသည်။ **ချမ်းသာ(မိတ္ထီလာ)**



## သတင်းတို

### ပြင်ဦးလွင်ကန်တော်ကြီးဥယျာဉ်၌ Digital Library စက်တပ်ဆင်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် Public Digital Library စက်များကို ကားဂိတ်ကြီးများ၊ ဘူတာရုံကြီးများ၊ တက္ကသိုလ်များနှင့် စည်ကားသောနေရာများတွင် တပ်ဆင်လျက်ရှိရာ ပြင်ဦးလွင်မြို့၏ အထင်ကရ နေရာတစ်ခုဖြစ်သည့် ကန်တော်ကြီး ဥယျာဉ်တွင်လည်း အောက်တိုဘာ ၂၆ ရက်က Public Digital Library စက်တပ်ဆင်ပေးခဲ့ပြီး စက်အသုံးပြုရမည့်အခြေအနေ၊ အသုံးပြုနိုင်သည့် အကွာအဝေး၊ ဖတ်ရှုနိုင်မည့်ပညာရပ်များ၊ အက္ခရာစဉ်အလိုက် စာအုပ်များပါရှိမှုတို့ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

(၄၃၂)

# တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ သန့်ရှင်းရေးလုပ်အားပေး

**တောင်ငူ အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများသည် တောင်ငူမြို့ တိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံကြီးဝင်း၌ သန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၂၅ ရက်က လုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တောင်ငူမြို့နယ် ဆည်မြောင်းဦးစီးဌာန စက်မှုတိုင်း(၂)မှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးထွန်းခင်သန်း၊ ဦးသက်ဝင်းနှင့် ဦးသိန်းကျော်တို့ ဦးစီး၍ တည်ဆောက်ရေး(၅)၊ ထိန်းသိမ်းရေးနှင့် စက်မှုတိုင်း(၂)တို့မှ ဝန်ထမ်းအင်အား ၂၀၀ ခန့်က ဆေးရုံကြီးဝင်းအတွင်း၊ အပြင်တို့တွင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

မြက်ရိတ်စက် ရှစ်လုံး၊ မြေတူးစက်အသေး တစ်စီး၊ မြေသယ်ယာဉ် ခြောက်စီးတို့ဖြင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေဆိုးမြောင်းများ သန့်ရှင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ သန့်ရှင်းရေးလုပ်အားပေးပွဲသို့ ခေါင်းလောင်းသံ ၄၈ အဖွဲ့က ဂေါ်ပြားများနှင့် အမှိုက်ပုံးများ ကူညီပံ့ပိုးခဲ့သည်။ "ရှေ့လျှောက် ဒီလိုပရဟိတ အလုပ်တွေကို တတ်နိုင်သမျှ လုပ်သွားမှာပါ။ မြို့ခံ လူမှုရေးအသင်းအဖွဲ့တွေနဲ့လည်း ပူးပေါင်းပြီး ထောက်ပံ့ကူညီသွားမှာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်သန်းက ပြောသည်။

လုပ်အားပေးပွဲတွင် ပါဝင်သော လုပ်သားတစ်ဦးက ရုံးလုပ်ငန်းတာဝန်များနှင့် မအားလပ်သည့်ကြားမှ နားရက်တွင် ယခုလိုပရဟိတအလုပ်ကို လုပ်ဆောင်ပေးခွင့်ရသည့်အတွက် ကျေနပ်ကြောင်းနှင့် နောက်နောင် ယခုလိုလုပ်အားပေးပွဲမျိုး ပြုလုပ်ပါကလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောသည်။

ညွှန်ကြားရေးမှူး ဦးစိုးနိုင်ကလည်း ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် တောင်ငူဒေသတွင် တာဝန်ထမ်းဆောင်သည့် ကာလအတွင်း မြို့အတွက် အကျိုးဖြစ်စေမည့် ပရဟိတလုပ်ငန်းများတွင် တတ်စွမ်းသမျှပါဝင်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူအကျိုးကို တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်သည့် စိတ်ဆန္ဒဖြင့် ယခုကဲ့သို့ လုပ်အားပေးဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း ပြောကြားသည်။

(၁၁၅)

# ပုလဲသွယ်မျိုးစပါး စံကွက်ရိတ်သိမ်း

**မိုးညှင်း အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း စိုက်ပျိုးထားသော ပုလဲသွယ်မျိုးစပါး စံပြကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးစိန်မြင့်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ လေ့လာကြည့်ရှုခဲ့သည်။

အဆိုပါ စံပြကွက်ရိတ်သိမ်းခြွေလှေ့ရာ တစ်ဧက ၁၅၆ တင်းနှုန်း ထွက်ရှိခဲ့ကြောင်းနှင့် မိုးညှင်းမြို့နယ်အတွင်း အရည်အသွေးပြည့်မီသည့် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးနိုင်ခဲ့သဖြင့် တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းခဲ့ကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၂)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မန္တလေး-တကောင်း-ဖန်းမော်လမ်းတွင် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းခင်းကျောက်ရွယ်စုံများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် လမ်းခင်းကျောက်များ တင်ဒါလျှောက်လွှာပုံစံများကို ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၂) ကြားစခန်းရုံး၊ ကသာမြို့ ဖုန်း-၀၉-၄၇၀၆၈၉၆၇၊ ၀၇၅-၂၅၉၇၈တွင် ၃-၁၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၇-၁၀-၂၀၁၄ ရက် ၁၂:၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၁၀-၂၀၁၄ ရက် ၁၂:၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၉-၁၀-၂၀၁၄ ရက် ၁၃:၃၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး
အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၂)
ဖန်းမော်(စင်းခန်း)စီမံကိန်းရုံးဝင်း၊
ဖန်းမော်မြို့နယ်
ဖုန်း-၀၉-၄၇၀၆၈၉၆၇၊ ၀၇၅-၂၅၉၇၈

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**


**ပြင်ဆင်ဖတ်ရှုပါရန်**

မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ(၆)တွင် ၂၈-၄-၂၀၁၄ ရက်တွင် မြေတိုင်း၊ ရွှေပေါက်ကံစက်မှုဇုန်(၁၀)အား မှားယွင်းရေးမိပါ၍ မြေတိုင်း(၁၈)ဟု ပြင်ဆင်ဖတ်ရှုပါရန်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ရုံးသုံးကွန်ပျူတာ၊ ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်များ၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့်ပစ္စည်းကိရိယာများအသေးစိတ်စာရင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ အုပ်စု(၁)၊ အားကစားလေ့ကျင့်ရေးစခန်း၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၈၁၀၃၃၄၅သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၂၉-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၅:၀၀ နာရီ

**ပစ္စည်းဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကြီးကြပ်မှုကော်မတီ**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး**



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**မြေတိုင်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါရုံးသုံးစာရေးကိရိယာများနှင့် Computer သုံး Toner/Cartridge များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (က) | ရုံးသုံးစာရေးကိရိယာများ | (၄၂)မျိုး |
| (ခ) | Computer သုံး Toner/Cartridge | (၉)မျိုး |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၀-၁၁-၂၀၁၄ ရက်၊ တနင်္လာနေ့ ညနေ ၁၅:၀၀ နာရီနောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ဝယ်ယူမည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၄၃၃**



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန စိုက်ပျိုးရေး၊မွေးမြူရေးနှင့် လူမှုရေးကော်မတီမှ (၁၆၀'×၃၂'×၁၂') အတိုင်းအတာ (Angel Iron ဒိုင်း၊ 4 Angle Sheet အမိုး၊ အုတ်ညှပ်အကာ၊ ကွန်ကရစ်ခင်း အမျိုးအစား) အိပ်ခန်းရှစ်ခန်းတွဲ (၁)ထပ် အုတ်ညှပ်ဝန်ထမ်းနေအိမ်(၁)လုံးအား နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာကျပ်ငွေဖြင့် တည်ဆောက်လိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၄-၁၁-၂၀၁၄ ရက်၊ ၁၃:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ် (၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄**



## အိမ်အမြန်ရောင်းမည်

ခုနစ်လွှာ၊ ၄၃လမ်း၊ Air Con၊ ရေ၊ မီး အစုံပါ။

**ဖုန်း-၀၉-၉၇၆၈၉၂၄၂၇**



## ရောင်းမည်

ကျောက်စိမ်းလက်ကောက်ဖောက်ဆံ

ဆံရေ-၃၂၀၀၀(ညှိနှိုင်းဈေး)

**ဖုန်း-၀၉-၃၃၃၅၂၅၁၈**

# ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**ဖလမ်း အောက်တိုဘာ ၂၉**

ချင်းပြည်နယ် ဖလမ်းမြို့နယ် လိုင်ဇိုးကျေးရွာအုပ်စု ဇာလိုင်ကျေးရွာ၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး ဦးဆောင်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုအဖြစ် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသမှုများကို အောက်တိုဘာ ၂၆ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက အမှာစကားပြောကြားပြီး ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်က ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ ဟောပြောသည်။

ထို့နောက် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်(ဆေးပညာ) ဒေါက်တာနေလင်းအောင်၊ အထူးကုဆရာဝန်(ခွဲစိတ်) ဒေါက်တာသန့်ဇင်၊ အထူးကုဆရာဝန်ကြီး(ကလေး) ဒေါက်တာခိုင်သန့်လှ၊ အထူးကုဆရာဝန်(ကလေး)ဒေါက်တာလွင်သူအောင်တို့က ဇာလိုင်ကျေးရွာမှ ပြည်သူ ၉၅ ဦးအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးစစ်ဆေးကုသပေးမှုကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၉**

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လက်ရှိမြန်မာနိုင်ငံ၏ ပဋိပက္ခများဖြေရှင်းရေး၊ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် စွမ်းအားပြည့် ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် Myanmar Peace Center (MPC) နှင့် Center For Peace and Conflict Studies(CPCS–Cambodia)တို့ ပူးပေါင်းစီစဉ်သည့် ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ Diamond Crown ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ( CPCS–Cambodia)မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်များမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က အမှာစကားပြောကြားပြီး (CPCS – Cambodia)မှ ညွှန်ကြားရေးမှူး (ကိုယ်စား) Peace process Program Coordinatar မှ Swela Velpillay က ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကို ထာဝရရပ်တန့်နိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီက ဦးဆောင်ကာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများကို ဖော်ဆောင်ရာတွင် ဌာနဆိုင်ရာနိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍမှာ လွန်စွာအရေးပါလျက်ရှိနေသဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။




အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေး၊ နယ်လှည့်ဖွံ့ဖြိုးမှုကြီးကြပ်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ ဘောလုံးဒိုင်လူကြီးသင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့နယ်ဘောလုံးဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ဘောလုံးဒိုင်လူကြီးသင်တန်း အမှတ်စဉ် (၁/၂၀၁၄) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၇ ရက်က မြို့နယ်အားကစားခန်းမကြီး၌ ကျင်းပသည်။



သင်တန်းဆင်းပွဲသို့ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ်အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးဘိုကျော်(အား/ကာ-ငြိမ်း)နှင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဖိုးထောင်နှင့် အဖွဲ့ဝင်များ၊ ဘောလုံးဒိုင်နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူးက နည်းပြဆရာနှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နည်းပြသင်တန်းကို အောက်တိုဘာ ၂၁ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများနှင့် ပညာရေးဌာနမှ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့သည်။ သင်တန်းကို အရည်အချင်းပြည့်ဝပြီး စနစ်တကျ တတ်ကျွမ်းနားလည်သည့် ဒိုင်လူကြီးကောင်းများ ပေါ်ထွန်းလာစေရန်၊ ဘောလုံးအားကစားနည်း ဆိုင်ရာ ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရန်နှင့် မြို့နယ်ဘောလုံးအားကစား အဆင့်အတန်းမြင့်မားရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်**

# ရေလုပ်သားများအား ငါးမြီးများထောက်ပံ့ပေးအပ်

**တိုက်ကြီး အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ရေလုပ်သားများ၏ ငါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ဝင်ငွေမြင့်မားလာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ငါးရှဉ့်မြီးအလုံးရေ ၃၀၀၀ နီးပါးကို အောက်တိုဘာ ၂၇ ရက်က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် လောက်လေးချောင်းကျေးရွာမှ ရေလုပ်သား ၅၃ ဦးအတွက် ငါးရှဉ့်မြီးအလုံး ၁၀၆၀ နှင့် ရင်းတိုက်ကွင်းကျေးရွာမှ ရေလုပ်သား ၉၃ ဦးအတွက် ငါးရှဉ့်မြီးအလုံး ၁၈၆၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် တိုင်းရင်းငါးမျိုးများ ထိန်းသိမ်းရန်နှင့် သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိသော တိုက်ကြီးမြို့နယ် တော်ခရမ်းအင်းရှိ ယင်းတားလျှောင်အိမ်အတွင်းသို့လည်း တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်း၊ ခရိုင်ဦးစီးမှူး ဦးသန့်ဇင်၊ မြို့နယ်ဦးစီးမှူး ဦးတင့်အောင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အင်းလုပ်ငန်းလုပ်ကိုင်သူများ စုပေါင်း၍ သုတေသနလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ငွေရောင်ငါးကြင်း၊ ငါးခုံးမကြီး စုစုပေါင်းကောင်ရေ ၆၀၀၀ ခန့်ကိုလည်းကောင်း၊ တော်ခရမ်း အင်းအိုင်မအတွင်းသို့ သုတေသနလုပ်ငန်းများဆောင်ရွက်ရန် စူလတန်ငါး၊ ငါးခုံးမကြီးနှင့် ငါးခေါင်းပွ အကောင်ရေ ၁၀၀၀၀ ကျော်ကိုလည်းကောင်း ထည့်သွင်းမွေးမြူခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**


ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သည့် ဒီဇယ်ဆီများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

| ပစ္စည်းအမျိုးအစား | အရေအတွက် | မှတ်ချက် |
|---|---|---|
| ဒီဇယ်ဆီ | ၈၀၀၀၀ ဂါလန် | တာချီလိတ်ဈေးနှုန်း |

၂။ **တင်ဒါရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၁၄ ရက်မှ ၁၃-၁၁-၂၀၁၄ ရက်အထိ
- နံနက် ၉း၀၀နာရီမှ ၁၆း၀၀နာရီ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့

၄။ **တင်ဒါပိတ်သိမ်းမည့်ရက်/အချိန်** - ၁၃-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့) ၁၂း၀၀နာရီ

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၄-၁၁-၂၀၁၄ ရက် (သောကြာနေ့) ၁၀း၃၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၃၁၇၀နှင့် ၀၈၄-၂၄၀၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၃၂၉၇၉၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက ဦးဖုန်းမြင့် အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၀၇/၂၀၁၄ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးအောင်ခင် ၁၃/ဟပတ(နိုင်)၀၁၀၁၁၈(ဘ) ဦးချစ်လှိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၅၂)၊ မြေညီထပ်၊ အကျယ်(၁၅'×၅၀')အကျယ်အဝန်းရှိ အလယ်ခန်း(၁)ခန်း၊ ခေါင်းရင်းခန်း(၁)ခန်း၊ စုစုပေါင်းတိုက်ခန်း(၂)ခန်း အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၁၇-၅-၂၀၁၃ ရက်စွဲပါ (၃)ခန်းတွဲ၊ (၃½)တိုက်သစ်ဆောက်လုပ်ရန် ကန်ထရိုက်တာနှင့် မြေရှင်တို့နှစ်ဦးသဘောတူကတိစာချုပ်အရ ကန်ထရိုက်တာဖြစ်သူ ဦးစိုးသန်း S/OKA-၁၂၈၇၇၄ နှင့် ဦးစိုးဝင်း ၁၂/ဥကတ(နိုင်)၀၉၆၂၇၂ တို့မှ မိမိတို့အကျိုးခံစားခွင့်ရရှိသော အခန်းများဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** — **အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)**

**ဦးသန်းဦး** — **အထက်တန်းရှေ့နေ (စဉ်-၃၂၃၃၅)**


**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၇၄C၊ ဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိ ဦးမောင်သန်း(ခ)အာရ်အမ်ကစ္စနားအမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးမောင်သန်း(ခ)အာရ်အမ်ကစ္စနား ၉/ပမန(နိုင်)၀၀၃၀၅၁ (ဘ) ဦးမာတီမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီးလှူဒါန်းစာချုပ်ချုပ်ဆိုရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၄၅၈၊ မြေကွက်တည်နေရာအမှတ် ၄၅၈၊ ဦးထွန်းမြင့်လမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြောက် ဦးကျော်မြင့် ၁၂/သဃက(နိုင်)၁၁၁၄၂၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့်(ဖခင်)ဒေါ်နှင်းနှင်းရီ(မိခင်)တို့ကွယ်လွန်သဖြင့် (၁)ဒေါ်နန်းရည်ယဉ် ၂/လကန(နိုင်)၀၀၁၈၇၃၊ (၂)ဒေါ်နန်းဝင့်ရည် ၂/လကန(နိုင်)၀၀၁၈၇၄၊ (၃)ဒေါ်နန်းယဉ်ယဉ်မွန် ၁၂/ဒဂမ(နိုင်)၀၀၇၈၉၀၊ (၄)ဒေါ်ရည်ဝေထက် ၁၂/ဒဂမ(နိုင်)၀၀၇၈၈၉တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



၂၂-၁၀-၂၀၁၄ မြန်မာ့အလင်းသတင်းစာပါ ဦးတင်လှိုင်၏ကြေညာချက်အား

**ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၇၄ နေ ဒေါ်တင်ရီ၏ လွှဲအပ်ချက်အရ ၂၂-၁၀-၂၀၁၄ မြန်မာ့အလင်းသတင်းစာပါ ဦးတင်လှိုင်၏ ကြေညာချက်အား ပြန်လည်ရှင်းလင်းသတိပေးကြေညာအပ်သည်မှာ-

၂၂-၁၀-၂၀၁၄သတင်းစာပါ ဒေါ်တင်ရီမှ ဦးတင်လှိုင်နှင့် အလုပ်သမားများ ဝင်မရအောင်တားဆီးခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ ယူငင်သုံးစွဲခဲ့ခြင်းမဟုတ်သဖြင့် ပြစ်မှုကြီးအမှုအမှတ် ၁၁၄/၂၀၁၃ ၏(၆-၃-၂၀၁၄)အမိန့်တွင် ''မြေရှင် ဒေါ်တင်ရီမှ တိုက်ဆက်လက်ဆောက်လုပ်ခွင့်ပါမစ်လျှောက်ထားရရှိသဖြင့် ဥပဒေနှင့်အညီ ဝင်ရောက်နေထိုင်ကြောင်း ပေါ်ပေါက်တွေ့ရှိရသည်ဟု သုံးသပ်ဆုံးဖြတ်ပြီး အပြီးအပြတ်လွှတ်ခဲ့သည့် အမိန့်သည် ယနေ့တိုင် အတည်ဖြစ်လျက်ရှိပြီး တရားမကြီး အမှုအမှတ်-၁၉၉/၂၀၁၃တွင် ဦးတင်လှိုင်မှ လျှောက်ထားခဲ့သည့် ယာယီတားဝရမ်းအား မူလခရိုင်တရားရုံးတော်မှပယ်ခဲ့သည်ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံး၏ တရားမအထွေထွေအယူခံမှုအမှတ်(၇၀)တွင်လည်း မူလရုံးပယ်သည့် အမိန့်အပေါ် ဆက်လက်အတည်ပြုထားသည့်အမိန့်များသည် အတည်ဖြစ်လျက်ရှိနေသည်ကို ဦးတင်လှိုင်သိလျက်နှင့် ဒေါ်တင်ရီ၏ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ တရားဝင်ဆောက်လုပ်ခွင့် လူနေထိုင်ခွင့်တို့အရ အေးချမ်းစွာဆောက်လုပ်နေထိုင်နေခြင်းအား မကြာခဏ အနှောင့်အယှက်ပြု၊ အရှက်ရစေရန် ဂုဏ်သိက္ခာကျဆင်းစေရန် ဒေါ်တင်ရီ မပြုလုပ်သည့်ကိစ္စများအား ဖော်ပြကြေညာနေခြင်းသာဖြစ်နေပါသဖြင့် နောက်နောင် ထိုသို့ကြေညာခြင်း မပြုလုပ်ပါရန် သတိပေးလိုက်ပါသည်။ ဆက်လက်ပြုလုပ်နေပါက ဥပဒေအရ တရားစွဲဆိုမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်မြမြလွင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၃၅၈၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၁-၅၈၀၀၂၂၊ ၀၉-၈၆၂၇၈၇၁၊ ၀၉-၄၄၈၀၄၄၉၅၄**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အိမ်မဲမြို့၏သမိုင်းဝင် ရှင်ပင်ချမ်းသာရုပ်ပွားတော်

**သတင်းဆောင်းပါးနှင့်**
**ဓာတ်ပုံ - ညဏ်မင်း**

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ သာသနာထွန်းကားရာ ဒေသဖြစ်သည်နှင့်အညီ နိုင်ငံအဝန်း မြို့တိုင်း၊ ရွာတိုင်း နယ်တိုင်းတွင် ကျောင်းကန်ဘုရားစေတီများကို အသစ်တည်ခြင်း၊ အဟောင်းမွမ်းမံပြုပြင်ခြင်း၊ ရှေးဟောင်းအမွေအနှစ် သမိုင်းဝင်ဘုရားစေတီများကို ပြုပြင်ထိန်းသိမ်းကိုးကွယ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ချောင်းဝပိုင်းရပ်ကွက် (၁)လမ်း အာသောကဘုန်းတော်ကြီးကျောင်းအနီးရှိ ရှင်ပင်ချမ်းသာ သမိုင်းဝင်ဆုတောင်းပြည့်ရှေးဟောင်းရုပ်ပွားတော်သည် ရဟန်းရှင်လူ ပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်ကြပြီး အိမ်မဲမြို့တည် သမိုင်းဝင်ဆုတောင်းပြည့်ရုပ်ရှင်တော်မြတ်ဟု ဝိသေသပြု၍ ပြည်သူအများက ပူဇော်ကြည်ညိုကြသည်။

ရုပ်ပွားတော်မှာ အိမ်မဲမြို့တွင် ပင့်ဆောင်ပူဇော်ခြင်း မပြုမီ သက္ကရာဇ် ၇၅၀ ခုနှစ်ကတည်းက ပေါ်ထွန်းခဲ့ပြီး ရှေးဟောင်းမွန်ယဉ်ကျေးမှုလက်ရာဖြစ်ကြောင်း ရှေးဟောင်းသုတေသနအသိအမှတ်ပြု မှတ်ချက်ချခဲ့သည်။ မွန်ယဉ်ကျေးမှုလက်ရာ ဆင်းတုတော်များသည် -

- (က) ဦးခေါင်းမဏိတော်ကြာဖူးသဏ္ဌာန်ရှိခြင်း
- (ခ) မျက်နှာတော်ဝိုင်း၍ပြားခြင်း
- (ဂ) နားရွက်တော်မှာ ပခုံးတော်ကိုထိလျက်ရှိခြင်း
- (ဃ) လည်တိုင်တို၍သေးခြင်း
- (င) တင်ပျဉ်ခွေထိုင်နေသော ဗုဒ္ဓရုပ်ပွားတော်ဖြစ်ပြီး (ဘူမိဖဿမုဒြာ)မြေကြီးသို့ သက်သေညွှန်းနေသော ပုံတော်ဖြစ်ခြင်း
- (စ) ကျောက်ပွဖြင့် ထုလုပ်ထားခြင်း

စသည့်အချက်များဖြင့် ထုလုပ်ပူဇော်လေ့ရှိကြသည်။ ရှင်ပင်ချမ်းသာရုပ်ပွားတော်မြတ်သည် အထက်ပါအချက်များနှင့် ကိုက်ညီနေသောကြောင့် ရှေးဟောင်းမွန်ယဉ်ကျေးမှုလက်ရာဖြစ်ကြောင်းကို ရှေးဟောင်းသုတေသနများက မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

ကောဇာသက္ကရာဇ် ၇၅၀ ခုနှစ် အိမ်မဲမြို့နယ် ကျုံပဒီနယ် စည်ကားဖွံ့ဖြိုးစဉ်က ရှင်ပင်ချမ်းသာနှင့် ချမ်းသာကြီးရုပ်ပွားတော် နှစ်ဆူကို သပ္ပာယ်စေတီအနီးတွင် တန်ဆောင်းဆောက်လုပ်ကိုးကွယ်ပူဇော်ခဲ့ကြောင်း၊ ၇၉၄ ခုနှစ်တွင် ကျုံပဒီနယ်ပျက်သုဉ်းခဲ့ရပြီး ရုပ်ပွားတော် နှစ်ဆူလည်း တိမ်မြုပ်နေခဲ့ကာ ၁၂၆၇ ခုနှစ်တွင် အိမ်မဲမြို့၏ ပထမဆုံးမြို့ပိုင်ဦးမြိုင်က ဦးဆောင်၍ ပြည်သူများက စုပေါင်းလျက် သစ်တိုင်၊ သွပ်မိုး၊ တန်ဆောင်းတော်တည်ဆောက်ကာ ပင့်ဆောင်ပူဇော်ကိုးကွယ်ခဲ့ကြသည်။

ကောဇာသက္ကရာဇ် ၁၃၀၄ ခုနှစ်တွင် တန်ဆောင်းတော်မီးလောင်ခဲ့သဖြင့် ယာယီတန်ဆောင်းတော်တွင် ပူဇော်ကိုးကွယ်ထားရသည်။ ရုပ်ရှင်တော်မြတ် ကိန်းဝပ်စံပယ်တော်မူသည့်ကာလ ၁၃၀၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၃၁၃ ခုနှစ်တွင် တစ်ကြိမ် ရောင်ခြည်တော်ကွန့်မြူးသည်ကို ကိုယ်တိုင်ဖူးတွေ့ခဲ့ရသော ဘိုးဘွားများရှိခဲ့သည်။ ဖြူစင်သောသဒ္ဓါဖြင့် ယုံကြည်လေးမြတ်စွာကြည်ညိုလျှင် ရုပ်ပွားတော်၏ မျက်နှာတော်မှာ ပြုံးဟန်၊ တည်ဟန်၊ မျက်လွှာချဟန် စသည်ဖြင့် သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူနေသည်ကို ဖူးတွေ့နိုင်သဖြင့် ရုပ်ရှင်တော်မြတ်ဟု ဝိသေသပြုပူဇော်ထားခြင်းဖြစ်သည်။ ဆုတောင်းပြည့် ဆိုသည့်အတိုင်း နယ်သူ နယ်သားများက ရာသီဥတုမမှန်၍ မိုးခေါင်လျှင် ဆွမ်းလုံးချပူဇော်ဆုတောင်းကြသောအခါ မိုးရွာသွန်းလျက် ဆုတောင်းပြည့်ကြသည်ဟု ဆိုကြသည်။

၁၃၁၈ ခုနှစ်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အာသောကရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီရိသုမန ဦးစီးဦးဆောင်ပြု၍အလှူရှင်များစုပေါင်းလျက် သစ်တိုင်၊ သွပ်မိုး၊ အုတ်ညှပ်တန်ဆောင်းတော်ကို ဆောက်လုပ်ကာ မှန်စီရွှေချ၊ ပလ္လင်တော်ဖြင့် ရုပ်ရှင်တော်မြတ်အား ကိုးကွယ်ပူဇော်ကြသည်။ ၁၃၆၀ ပြည့်နှစ်တွင် သစ္စာဓိဋ္ဌာန်နယ်လှည့်သာသနာပြု တကောဆရာတော် ဘဒ္ဒန္တဝိလာသ ဦးစီးဦးဆောင်ပြီး ဆရာတော်၏ ဩဝါဒကိုခံယူလျက် အိမ်မဲမြို့နယ် ဒေသအာဏာပိုင်များနှင့် မြို့မိမြို့ဖများ၊ မြို့သူမြို့သားများ၊ နယ်သူနယ်သား၊ ဒေသခံရဟန်းရှင်လူပြည်သူများ၏ ထက်သန်သော ယုံကြည်မှုသဒ္ဓါတရားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ၂၀၀၂ ခုနှစ် ဧပြီ ၁၇ ရက်၊ ၁၃၆၄ ခုနှစ် တန်ခူးလဆန်း ၅ ရက်တွင် ယခုမြင်တွေ့ရသော ကျောင်းတော်ကြီးကို မြန်မာမှုလက်ရာများဖြင့် အောင်မြင်စွာ ဆောက်လုပ်ပြီးစီးနိုင်ခဲ့သည်။

ထို့နောက် ရှေးဘိုးဘွားများလက်ထက်ကတည်းက ပူဇော်ကိုးကွယ်ခဲ့သော၊ သပ္ပာယ်ကြည်ညိုဖွယ်ကောင်းလှသော၊ ဗုဒ္ဓဘာသာအနွယ်ဝင် သူတော်စင်မြို့သူမြို့သားပြည်သူအများ ဖူးမြော်ကိုးကွယ်လျက်ရှိသော အိမ်မဲမြို့တည် သမိုင်းဝင်ဆုတောင်းပြည့် ရှင်ပင်ချမ်းသာရုပ်ရှင်တော်မြတ်ကြီးကို ခံ့ညားထည်ဝါလှသော ကျောင်းတော်ကြီးအတွင်း ပလ္လင်ထက်တွင်ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ပူဇော်ရင်း ရုပ်ရှင်တော်မြတ်အား ရှေးဟောင်းသုတေသနဌာနနှင့် ညှိနှိုင်း၍ မကိုဋ်မှတ်တော်အသစ်နှင့် စလွယ်များကို အသစ်ပြန်လည်ပူဇော်ထားသည်မှလွဲ၍ ရှေးမူရှေးဟန်မပျက် ရှေးဟောင်းဆင်းတုရုပ်ပွားတော်မြတ်အတိုင်း ယနေ့တိုင်ဖူးတွေ့ရပြီး နေ့စဉ်နံနက် အရုဏ်တက်သည့်အချိန်မှစ၍ ညခင်းအထိ လာရောက်ကြည်ညိုဖူးမြော်သူများဖြင့် စည်ကားလျက်နေသည်ကို တွေ့ရသည်။ ။



---

## စမ်းချောင်းမြို့နယ်၌ ရဲလုပ်ငန်းဆောင်ရွက်မှုနှင့် မှုခင်းအခြေအနေများ ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှ လုပ်ငန်းစဉ်များဆောင်ရွက်မှုနှင့်ပတ်သက်၍ မြို့နယ်အတွင်းမှ တာဝန်ရှိသူများသို့ ရှင်းလင်းတင်ပြခြင်းကို အောက်တိုဘာ ၂၆ ရက်က စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စမ်းချောင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဝင်းက ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးဆောင်ရွက်နိုင်မှုအခြေအနေ၊ ပြည်သူများက သတင်းပေးကူညီရန် တာဝန်နှင့် ပြစ်မှုကျူးလွန်သူများအား လက်ခံထားခြင်းအတွက် ပြစ်ဒဏ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ လစာရိက္ခာနှင့် ထောက်ပံ့ပေးမှု၊ လာဘ်ပေးလာဘ်ယူပပျောက်ရေးအတွက် ကျူးလွန်သည့် ရဲတပ်ဖွဲ့ဝင်များအပေါ် အရေးယူဆောင်ရွက်မှု၊ ရဲလုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲရေးတွင် အီးယူအဖွဲ့နှင့်ပူးပေါင်း၍ ပြည်သူကို ဗဟိုပြုစနစ်ဖြင့် ဆောင်ရွက်နေမှု၊ နယ်မြေအတွင်း ဖြစ်ပွားလျက်ရှိနေသော မှုခင်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ရှင်းလင်းပွဲသို့ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေအောင်နှင့် ဦးမျိုးမင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်နှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးဥက္ကဋ္ဌများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

